

# ဝိုင်းအုံနေကြပြီး ပြဿနာနဲ့ တစ်ထပ်တည်းကျမှ

## ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင် ဖြစ်မယ်

ဦးတင်ဦး(ကျူးရှင်)

## စာရေးသူ၏ အမှာစာ

စာဖတ်သူများလက်ဝယ်ရောက်ရှိလာသော ကျွန်တော်၏ ဤဆောင်းပါးပေါင်းချုပ်မှာ ယခင် ထုတ်ဝေပြီးစာအုပ်များနှင့်မတူ တစ်မူထူးခြားနေကြောင်း တွေ့ကြရပါလိမ့်မည်။

ကျွန်တော်သည် ယခင်ကဘာသာပြန်နှင့်အင်္ဂလိပ်စာအုပ်များအပါအဝင် စာအုပ် ၂၂ အုပ် ထုတ်ဝေခဲ့ပြီးရာ၌ ထိုအထဲတွင် ဆောင်းပါးပေါင်းချုပ် ၁၅ အုပ်ပါဝင်ခဲ့သဖြင့် ယခုစာအုပ်မှာ ၁၆ အုပ်မြောက် ဆောင်းပါးပေါင်းချုပ်ဖြစ်ပါသည်။ သို့ရာတွင် ယခုစာအုပ်ပါဆောင်းပါးများမှာ စာဖတ်သူတစ်ဦးနှင့် ဆွေးနွေးသည့်ပုံစံဖြင့် ရေးသားထားသော ဆောင်းပါးများဖြစ်ပါသည်။

၂၀၁၀ ပြည့်နှစ် နှစ်ကုန်ပိုင်းလောက်က ဆရာမောင်ကိုကို (အမရပူရ) သည် ကျွန်တော့် အား အင်တာဗျူးသွားပြီးနောက် Hot News ဂျာနယ်တွင် ဆောင်းပါးတစ်ပုဒ်ရေးသားခဲ့သည်။ သူသည် Sketch ပုံစံမျိုးဖြင့်တင်ပြမည်ကို ရိပ်စားမိသဖြင့် သူ့ဆောင်းပါးတွင် သူဦးစားပေးဖော်ပြ လိုသော အချက်များလောက်သာ ဖော်ပြနိုင်မည်ကို ကျွန်တော်မှန်းဆမိသည်။ ထို့ကြောင့် ကျွန်တော့်အကြောင်း အဆိုးအကောင်းပြည့်စုံအောင်မပါလောက်ဟုယူဆသဖြင့် ရန့်သစ်မဂ္ဂဇင်း တွင် ကျွန်တော့်ဘာသာ ကျွန်တော်စာဖတ်သူတစ်ဦးနှင့် ဆွေးနွေးသည့် ပုံစံမျိုးဖြင့် ဆောင်းပါးတစ် ပုဒ်ရေးသားခဲ့ပါသည်။ ထိုဆောင်းပါးသည် ၂၀၁၁ ခုနှစ် ဇန်နဝါရီလထုတ်စာစောင်တွင်ပါခဲ့ပါသည်။

ကျွန်တော်ထိုသို့ ဆွေးနွေးခန်းပုံစံဖြင့် ရေးသားခဲ့ခြင်းမှာ

ဆရာကြီးရွှေဥဒေါင်း ရေးသားပုံကို သတိရမိပြီး ထိုပုံစံက ကိုယ်ပြောချင်ရာကို လွတ်လပ်စွာပြော၍ ရသည်။ အကြောင်းအရာတစ်ခု ပြောနေရင်းက အခြားအကြောင်းအရာကို ကူးပြောင်းပြောသွား၍ ရသည်။ ရေးနေကျဆောင်းပါး များပုံစံလောက်တင်းကျပ်မှုမရှိ၊ ကိုယ့်အမြင်သာမက အခြားသူတစ်ဦးက မြင်နိုင်ပုံများကိုလည်း ထည့်ရေးသွား၍ ရသည်ဟု တွေးမိခဲ့သောကြောင့် ဖြစ်ပါသည်။

သို့ဖြင့် ၂၀၁၁ ခုနှစ်ဇန်နဝါရီလမှ ၂၀၁၃ ခုနှစ် နိုဝင်ဘာလအထိ ဆောင်းပါးပုဒ်ရေ ၂၅ ပုဒ် လောက်အထိရေးဖြစ်ခဲ့ပါသည်။ ယင်းတို့အနက် ပထမပိုင်း သုံးလေးပုဒ်လောက်သာ အကြောင်းအ ရာတစ်မျိုးစီအသွင် ဆော်နေသော်လည်း နောက်ပိုင်းတွင် ဆွေးနွေးသောအကြောင်းအရာတို့မှာ နိုင်ငံရေးတွေချည်း ဖြစ်လာခဲ့ပါသည်။

ထို့ကြောင့် ဤစာအုပ်ကိုဖတ်ရသည့်အခါ ယခင်ဆောင်းပါးပေါင်းချုပ်များလို အကြောင်းအ ရာအမည်စုံ (အမယ်စုံ) မဟုတ်ဘဲ မျက်မှောက်ဖြစ်ပေါ်နေသော နိုင်ငံရေးအခြေအနေများနှင့် ပတ် သက်၍ တွေးစရာ၊ ဆွေးနွေးစရာ အကြောင်းအရာမျိုးချည်းသာဖြစ်နေကြောင်း တွေ့ကြရပါလိမ့် မည်။

စာပေစိစစ်ရေးရှိနေသေးစဉ်မှာလည်း ရေးခဲ့ရ၊ ရေးသည့် အကြောင်းအရာကလည်း နိုင်ငံရေးဖြစ်နေသဖြင့် စောစောပိုင်းတွင် စိစစ်ရေးလွတ်အောင် ရှောင်ကွင်းရေးခဲ့ရသည်။ ထိုသို့ရေးသည့်ကြားမှပင်လျှင် မကြာခဏတစ်ပိုဒ်စ နှစ်ပိုဒ်စသော်လည်းကောင်း၊ တစ်ပုဒ်လုံးသော် လည်းကောင်း ဖြတ်တောက်ခြင်း၊ ပုံနှိပ်ထုတ်ဝေရန် ပိတ်ပင်ခြင်းကို ခံခဲ့ရပါသည်။

စိစစ်ရေးကလည်း အပိတ်ယန္တရားကြီးတစ်ခုအတွင်းက လူတွေအား မျက်စိပိတ်၊ နားပိတ်ရန် ရန်သူ့အလုပ်ကို တာဝန်ကျေကျေဆောင်ရွက်ရသလို စာရေးဆရာကလည်း မိမိ၏ စာဖတ်ပရိသတ်ကို မျက်စိဖွင့်ပေး၊ နားဖွင့်ပေးသည့်အလုပ်ကို တာဝန်ကျေနိုင်သမျှ ကျေအောင်လုပ်ရသူဖြစ်ပါသည်။

ကျွန်တော်သည် လောကကြီးအတွက် ကိုယ်ကအခြားနည်းဖြင့် အကျိုးပြုနိုင်ဖွယ်မရှိ။ လူတွေအမှန်တရားကို မြတ်နိုးတတ်လာအောင်ပြုပေးသော စာရေးခြင်းဖြင့် သာ အကျိုးပြုနိုင်ဖွယ်ရှိတော့သည်ဟု ခံယူထားသဖြင့် အချို့သော ဖုံးကွယ်ထားသော ဖြစ်ရပ်များကို အမှန်အတိုင်း ဖော်ထုတ်တင်ပြလိုပါသည်။

လူသတ်တာကို သူပုန်ကပဲ သတ်သတ်၊ အစိုးရကပဲ သတ်သတ်၊ မည်သူက သတ်သည်ဖြစ်စေ၊ ကျွန်တော် မလိုလားပါ။ ထို့ကြောင့် အလံနီပါတီက ဆင်စွယ်ရွာကို သတ်သွားတာကိုလည်း ကျွန်တော် မထောက်ခံနိုင်သလို ကျွန်တော့်ကို သာဝတ္ထိဒေသမှ ကြံဖိုစုရွာကို အစိုးရစစ်တပ် (နော်ဆိုင်းတပ်)က သတ်သွားသည်ကိုလည်း မထောက်ခံနိုင်ပါ။ သမိုင်းတွင် သူပုန်ကရွာလုံးကျွတ် သတ်တာကိုသာ စာအုပ်စာပေဖြင့် မှတ်တမ်းဝင်နေပြီး အစိုးရစစ်တပ်က ရွာလုံးကျွတ်သတ်တာကျ တော့ ဖုံးကွယ်ထားသည်ဆိုလျှင်လည်း တရားမျှတသည်ဟုကျွန်တော် မယူဆပါ။

ထို့ကြောင့် ကြံဖိုစုရွာကို နော်ဆိုင်းတပ်က သတ်ခဲ့သည့်သမိုင်းကို အမှန်အတိုင်းသိရှိကြရန် ကျွန်တော် အကြိမ်ကြိမ်ကြိုးစားခဲ့ရာ နောက်ပိုင်းတွင်မှ ထိုအကြောင်းကို ရေးလို့ရခဲ့ပါသည်(ဆရာ ဦးခင်မောင်ထွေး (ပျဉ်းမနား) ၏ ဆောင်းပါးတစ်ပုဒ်တွင် လယ်ဝေးမြို့နယ်၊ ကံသာရွာတွင် နော် ဆိုင်းတပ်က လူရာကျော်သတ်ခဲ့ပုံများလည်းပါဖူးပါသည်။)

ထို့အတူ ပျဉ်းမနားမြို့၌ ပမညတခေါင်းဆောင်သခင်အချို့ကို နေ့ခင်းကြောင်တောင်မှာ ကားနှင့် တိုက်သတ်ခဲ့ပုံများကို ရေးခွင့်မရခဲ့ပါ။ သခင်ဘချိုကို ဖဆပလအမတ်က ကားနှင့်တိုက် သတ်စဉ်က နှစ်ယောက်အတူပါသွားသူက ဘယ်ပုံဘယ်နည်းသတ်ပုံကို ကျွန်တော့်အား အသေး စိတ်ပြောပြဖူးခဲ့၍ ထိုအကြောင်းကို ကျွန်တော် သရုပ်သကန် ပေါ်အောင်ပြောပြနိုင်ပါသည်။ သို့ရာ တွင် ယခင်စာပေစိစစ်ရေးရှိစဉ်က ထိုအကြောင်းမျိုးတွေရေး၍ မရခဲ့ပါ။

ဤသို့သော အကြောင်းတွေကို ကျွန်တော်ရေးသည်မှာ လူပုဂ္ဂိုလ်အရမုန်း၍ မဟုတ်။ မြန်မာ့နိုင်ငံရေးမှာ စစ်တပ်ဝင်လာခဲ့သည်မှာ ထိုသို့သောဖြစ်ရပ်တွေကြောင့် ဖဆပလကို လူထု ထောက်ခံမှုနည်းလာရာမှ ကွဲသည့်အဆင့်ရောက်သွား၊ ပို၍ ဆိုးသည်ကား ဗိုလ်ချုပ်ကြီးနေဝင်းမနိုင် စေချင်သည့် ဦးနု၏ သန့်ရှင်းက ၁၉၆၀ ပြည့်ရွေးကောက်ပွဲမှာ နိုင်သွားသောကြောင့်ဖြစ်ကြောင်းတို့ ကို အမှန်အတိုင်းသိမြင်ကြစေလို၍ သာဖြစ်သည်။ အကယ်၍ သာ ၁၉၆၀ ရွေးကောက်ပွဲ၌ တည်မြဲ ကသာ နိုင်သွားလျှင် ကျိုက္ကဆံကွင်းက မြင်းပွဲလည်းပျက်မသွားဘဲ ဗိုလ်ချုပ်ကြီးနေဝင်းသည် မြင်း လောင်းမပျက်ရှိနေခဲ့နိုင်သည်။

သမိုင်းဖြစ်ရပ်တစ်ခုသည် သူ့ချည်းကွက်ပေါ်လာသည်မျိုးမဟုတ်။ နောက်ကြောင်းတွေနှင့် ဆက်နွှယ်ပေါ်လာတာမျိုးဖြစ်သည်။ ဤသဘောများကို ဆက်စပ်တွေးနိုင်ရန်အတွက် ကျွန်တော် က ဖော်ပြပါအကြောင်းအရာမျိုးတွေကို ဖော်ထုတ်တင်ပြလိုရင်းဖြစ်သည်။

အချို့ကိစ္စများတွင် မသိအောင်လုပ်ထားတာတွေ ရှိသည်။ အချို့မှာ မလေ့လာ၍ မသိတာ ဖြစ်သည်။ ဥပမာ - တစည က ၁၉၉၀ ရွေးကောက်ပွဲမတိုင်မီတွင် ဒေါ်အောင်ဆန်းစုကြည်ကို သွား ပုပ်လေလွင့်ရေးသောစာတွေဖြန့်ဝေထားသည်ကို ကျွန်တော် ရေတာ ရှည်မြို့နယ်ထဲမှ ရွာတစ်ရွာသို့ ရောက်သွားစဉ် တွေ့ဖူးသည်။ သတင်းစာတွေထဲမှာလည်း မကြာခဏ ဆဲစာလိုစာတွေတွေ့နေခဲ့ ရသည်။ ဒေါ်အောင်ဆန်းစုကြည်ကို တမင်ရုပ်ပျက်အောင် အိုးမည်းသုတ်ပြထားခြင်းဖြစ်သည်။ ထို့ ကြောင့် သူ့ကိုအမှန်အတိုင်းသိပ်မသိကြ။ အချို့ သူ့ကို ကြည်ညိုထောက်ခံသူတွေတောင် ဒေါ် အောင်ဆန်းစုကြည်၏ အတွေးအခေါ်ကိုဖြစ်စေ၊ အရည်အချင်းအမှန်ကိုဖြစ်စေ သိကြဟန်မတူပါ။ ထို့ကြောင့် ကျွန်တော် ဒေါ်အောင်ဆန်းစုကြည်ကို အမှန်အတိုင်းသိမြင်ကြရန်

ကျွန်တော်၏ ဆွေး နွေးခန်းများတွင် ထည့်သွင်းဆွေးနွေးပြထားသည်။

အမှန်ကတော့ ဒေါ်အောင်ဆန်းစုကြည်အကြောင်းရယ်မှမဟုတ်။ အခြားအရာများကိုပါ အမှန်အတိုင်းသိကြဖို့လိုပါသည်။ အမှန်ကို အစိုးရသာမဟုတ် ပြည်သူတွေပါသိမှ တိုင်းပြည်ကို တိုးတက်အောင် ထူထောင်၍ ရပါမည်။

စာရေးဆရာသည်လည်း တိုင်းပြည်ထူထောင်ရေးတွင် သူတတ်နိုင်ရာက ပါဝင်သင့်ရာ ဤဆောင်းပါးများကို ကျွန်တော်ရေးခဲ့သည်မှာ ထိုတာဝန်ကို နိုင်သမျှ ပါဝင်ထမ်းရွက်သည့်သဘော လည်း ဖြစ်ပါသည်။

ကျွန်တော့်ဆောင်းပါးများတွင် အချို့နေရာ၌ ငြင်းစရာမလိုသော အချက်အလက်တွေပါ မည်။ အချို့ကနေရာ၌ ထင်မြင်ယူဆချက်တွေပါမည်။ အယူအဆဆိုတာ တစ်ဦးနှင့် တစ်ဦးတူညီ ချင်မှ တူမည်။ စာဖတ်သူနှင့် မတူသော အယူအဆမျိုးပါနိုင်သော်လည်း စာဖတ်သူများစဉ်းစားရာ တွင် ထည့်သွင်းစဉ်းစားစရာအဖြစ်တော့ အထောက်အပံ့ဖြစ်နိုင်မည်ဟု ယူဆပါသည်။

ယနေ့အခါ လူတိုင်းနှုတ်ဖျားတွင် ဒီမိုကရေစီ ဟူသော စကားလုံးရောက်နေကြသည်။ ဒီမို ကရေစီသည် စကားလုံးအဖြစ်မျှသာ ဆိုလျှင်ကား နိုင်ငံအတွက် ဘာမျှ အဓိပ္ပါယ်မရှိနိုင်။ လက် တွေ့ကျင့်သုံးနိုင်ပါမှ အဓိပ္ပါယ်ရှိလာပါမည်။

လက်တွေ့ကျင့်သုံးနိုင်ဖို့ ဒီမိုကရေစီသဘောတရားကို သိရပါမည်။ ဒီမိုကရေစီအနှစ်သာရ နှင့် ညီသော စိတ်ဓာတ်မျိုးရှိရပါမည်။ ဒီမိုကရေစီကို ဒေါ်အောင်ဆန်းစုကြည် တစ်ဦးတည်းနှင့် လည်း ယူမပေးနိုင်။ အစိုးရကလည်း သေနတ်ကိုလက်တစ်ဖက်ကကိုင်ထားပြီး လက်တစ်ဖက်က "ရော့ အင့် ဒီမိုကရေစီယူ၊ ဒီလောက်ပဲယူနော်" နှင့် လုပ်ပေး၍ မရ။ အစိုးရအပါအဝင်ပြည်သူ အားလုံး ဝိုင်းဝန်းတည်ဆောက်ယူမှ ရနိုင်မည်ဖြစ်ပါသည်။

ဤစာအုပ်ပါ ဆောင်းပါးများသည်

ဒီမိုကရေစီအကြောင်းတွေချည်းပင်မဟုတ်သော်လည်း ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကို သမိုင်းနှင့်ဆက်စပ်ရှုမြင်ရာတွင်မူ တစ်စုံတစ်ရာအကျိုးဖြစ်နိုင် သည်ဟု မျှော်လင့်ပါသည်။

ဤစာအုပ်ပါဆောင်းပါးများကိုဖတ်ရာတွင် ဆောင်းပါးအဆုံးတွင် ဖော်ပြထားသော စာစောင်ပုံနှိပ်ထုတ်ဝေသည့်ကာလနှင့်ပါ တိုက်ဆိုင်ဖတ်ဖို့ လိုပါသည်။ အခြေအနေများသည် နေ့ ချင်းညချင်းပြောင်းလဲနေသည်ဖြစ်၍ လာကနောက်ခံနှင့်ယှဉ်ထိုးဖတ်မှသာလျှင် စာရေးဆရာသည် ထိုကာလ၌ ဖြစ်ပေါ်နေသော အခြေအနေအပေါ် အခြေခံ၍ ရေးသားခြင်းဖြစ်ကြောင်း တွေ့မိပေလိမ့်မည်။

ဤဆောင်းပါးများကို မူလရေးစဉ်က သီးခြားခေါင်းစဉ်မပေးခဲ့ပါ။ မဂ္ဂဇင်းတွင် "စာဖတ်သူ တစ်ဦးနှင့် ဆွေးနွေးခြင်း (၁)၊ (၂)၊ (၃)" စသည်ဖြင့်သာ ခေါင်းစဉ်တပ်ခဲ့ပါသည်။ သို့ရာတွင် ဤစာ အုပ်တွင်မူ တစ်ပုဒ်ချင်းအလိုက်ခေါင်းစဉ် တစ်ခုစီတပ်ပေးထားပါသည်။

စာဖတ်ပရိသတ်အားလုံး၊ ပြည်သူအားလုံး လိုရာဆန္ဒပြည့်ဝကြပါစေသတည်း။

**ဦးတင်ဦး (ကျူရှင်)**

**၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ၊ ၁၉ ရက်**

***



ဦးဖေဆွေ



ဒဂုန်တာရာ



သခင်တင်ထွန်း

# ဂျပန်ခေတ်မှသည် အိမ်စောင့်အစိုးရအထိ နိုင်ငံရေးပုံကားချပ်

တနင်္ဂနွေတစ်နေ့တွင် တံခါးခေါက်သံကြား၍ ထဖွင့်ပေးလိုက်သည့်အခါ အသက်လေး ဆယ်ကျော် ငါးဆယ်နီးပါးရှိသည့် မျက်နှာစိမ်းတစ်ဦးကို တွေ့ရ၍ သူ့ကို အကဲခတ်ကြည့်နေတုန်း ထိုသူစကားစပြောလေသည်။

ထိုသူ။ ဆရာဦးတင်ဦး (ကျူရှင်) မဟုတ်ပါလားခင်ဗျာ။ ကျွန်တော်ကလည်း ဆရာ့စာဖတ် ပရိသတ်တစ်ဦးပါ။ ဆရာနဲ့ တွေ့ချင်လို့ပါ။

ကျွန်ုပ်။ ဪ..ဟုတ်ကဲ့၊ အထဲဝင်ပါခင်ဗျာ။ (အိမ်ထဲမှာ ဝင်ထိုင်ပြီးနောက်)

ထိုသူ။ ရန်နံ့သစ်မဂ္ဂဇင်းထဲမှာ ဆရာနဲ့ စာဖတ်သူတစ်ဦး ဆွေးနွေးကြပုံများကို ဆရာရေးတာ ဖတ်နေရတော့ ကျွန်တော်ကလည်း ဆရာနဲ့ မေးမြန်းဆွေးနွေး ချင်တာလေးတွေရှိလို့ လာခဲ့တာပါ ခင်ဗျာ။ ဆရာလက်ခံနိုင်မယ်ဆိုရင် ကျွန်တော့်ကို မေးမြန်းဆွေးနွေးခွင့်ပြုပါ။ ဆရာ့မှာ သွားစရာ လာစရာကိစ္စ၊ ဒါမှမဟုတ် မဖြစ်မနေရေးရမယ့် စာမျိုးနဲ့ အလုပ်မအားဘူးဆိုရင်လည်း ကျွန်တော့်ကို အားနာစရာမလိုပါဘူး။ ပြောပါဆရာ။ ကျွန်တော် ဆရာအားတဲ့အချိန်မှ လာပါ့မယ်။

ကျွန်ုပ် ။ ခင်ဗျားလည်း ကျွန်တော့်စာဖတ်ပရိသတ်ဆိုတော့ မနှင်ရက်ပါဘူး ခင်ဗျာ၊ စာရေးစရာရှိပေမယ့် အချိန်ရွှေ့ထားလို့ရပါသေးတယ်။ (သူက ကျွန်တော့်စာဖတ်ပရိသတ်ဆိုတော့ ထိုသူအား “စာဖတ်သူ” ဟူ၍ ပင် ရေးသွားပါမည်။)

စာဖတ်သူ ။ ကျေးဇူးပဲဆရာ။ ကျွန်တော်တော့ ဆရာ့စာထဲက စာဖတ်သူလို ပန်းသီးတွေ ဘာတွေပါမလာဘူးဆရာ။ သာရာဒိုင်းအမ် အားဆေးကတ်ကလေးငါးကတ်တော့ ပါလာပါတယ်။ ဆရာတို့လို

လူကြီးတွေအတွက်သင့်မှာပါ။

ကျွန်ုပ် ။ ဟုတ်ကဲ့ပါ၊ ကျေးဇူးတင်ပါတယ်။ ကျွန်တော်လည်း ခင်ဗျားဝယ်လာတဲ့ ဆေးမျိုး၊ ဆောင်ထားပါတယ်။ ဒါပေမယ့် ဆေးစားဖို့က မေ့မေ့သွားတော့ ညစဉ် မစားဖြစ်ဘူးဗျ။ ကဲဆိုပါဦး၊ ခင်ဗျားက ဘာများမေးမြန်းဆွေးနွေးချင်တာတုံး။

စာဖတ်သူ ။ ဒီလိုပါ ဆရာ။ ဆရာတို့က ဟိုဘက်ခေတ်တွေပါ မီလာခဲ့သူတွေဆိုတော့ ဆရာတို့တွေ့ကြုံခဲ့တဲ့ နိုင်ငံရေးအတွေ့အကြုံတွေကို မေးမြန်းဆွေးနွေးချင်လို့ပါ။

ကျွန်ုပ် ။ ဟာ..နိုင်ငံရေးတော့ မဆွေးနွေးပါရစေနဲ့ဗျာ။ ကျွန်တော်ကနိုင်ငံရေးသမား မဟုတ်ဘူး။ ကိုယ်တိုင်လုပ်ကိုင်ခဲ့တာလည်း ဘာမှမရှိပါဘူး။

စာဖတ်သူ ။ ဆရာက ဖလော်ဆော်ဖီဘွဲ့ ရခဲ့သူပဲ။ လူသည် နိုင်ငံရေးသတ္တဝါဖြစ်သည်လို့ အရစ္စတိုတဲလ်က ဆိုတယ်မဟုတ်လား။

ကျွန်ုပ် ။ လူတိုင်းဟာနိုင်ငံရေးနဲ့ကင်းလို့မရတာ မှန်ပေမဲ့ လူတိုင်းဟာ နိုင်ငံရေးသမားမ ဟုတ်ဘူး။ အလုပ်သမား၊ လယ်သမား ၊ ကုန်သည်၊ ဆရာဝန်၊ ကျောင်းဆရာ စသဖြင့် အမျိုးမျိုး ဖြစ်နိုင်တယ်။ ကျွန်တော်က အရင်က ကျူရှင်ဆရာ၊ အဲဒီ အရင်က အစိုးရဝန်ထမ်း၊ အခုတော့ ဘာသာပြန်သူ / စာရေးဆရာဖြစ်ပါတယ်။ နိုင်ငံရေးသမားမဟုတ်ပါဘူး။

စာဖတ်သူ ။ ထားပါတော့ ဆရာရယ်။ ဆရာက နိုင်ငံရေးသမား မဟုတ်ပေမဲ့ ခေတ်အဆက် ဆက် နိုင်ငံရေးအခြေအနေတွေတော့ ဖြတ်သန်းခဲ့မှာပေါ့။

ကျွန်ုပ် ။ ဟုတ်ပါတယ်။ ခင်ဗျားအခုပြောလိုက်သလိုဆိုရင်တော့ မှန်ပါတယ်။ ကျွန်တော် ကိုယ်တိုင် နိုင်ငံရေးသမားတစ်ယောက်အနေနဲ့

အတွေ့အကြုံတွေ မရှိပေမဲ့ ခေတ်အလိုက်ဖြစ်ပေါ်ခဲ့တဲ့ နိုင်ငံရေးအခြေအနေတွေကိုတော့ ဖြတ်သန်းခဲ့ရပါတယ်။

စာဖတ်သူ ။ အဲဒီ လိုဆိုရင် ဆရာတို့က ဂျပန်ခေတ်လည်း မီလာမှာပေါ့။

ကျွန်ုပ် ။ ကျွန်တော်က မြန်မာနိုင်ငံအတွင်းကို ဂျပန်တွေဝင်မလာခင်မွေးခဲ့တာ မှန်ပေမဲ့ ငယ်လှသေးတော့ သိပ်မမှတ်မိပါဘူး။ ဂျပန်ခေတ်ထဲမှာ ယခုအခါ စမတောင် ဘုရားလို့ လူသိများ တဲ့ဘုရား (အဲဒီ တုန်းက ဘုရားမရှိသေးပါဘူး) နားက ကြံဘိုစုရွာအရှေ့တောင်ဘက်နားလေးမှာ ကနားဖျင်းကလေးထိုးပြီး သွားနေရတာ လေးတော့ မှတ်မိတယ်။ နည်းနည်းကြီးလာတော့ အဲဒီ အဖြစ်အပျက်နဲ့ ပတ်သက်ပြီး ဗုံးဒဏ်ကြောက်လို့ပြေးတာလားလို့ ကျွန်တော့်အဖေ မေးကြည့် တဲ့အခါ "သာဝတ္တိရွာကသာ မီးရထားလမ်းတံတားနဲ့နီးလို့ ဗုံးဒဏ်ကြောက်ရတာ ။ အဖေတို့ရွာက ဗုံးဒဏ်ကြောက်လို့ပြေးတာလားလို့ ကျွန်တော့်အဖေ မေးကြည့်တဲ့အခါ သာဝတ္တိရွာကသာ မီးရထားလမ်းတံတားနဲ့နီးလို့ ဗုံးဒဏ်ကြောက်ရတာ ။ အဖေတို့ရွာက ဗုံးဒဏ်မစိုးရိမ်ရပါဘူးတဲ့။ အဖေက ရွာမှာရွာလူကြီးလုပ်ရတော့ ဂျပန်ခေတ်မြို့အုပ်က ရွာလူကြီးတွေကို ချွေးတပ်သားဆွဲဆွဲ ခိုင်းတာနဲ့ အဲဒီ ချွေးတပ်ဆွဲပေးရမယ့် ရန်ကိုရှောင်ရင်း အဲဒီ နားသွားနေတာပါ လို့ ဖြေဖူးတယ်။"

စာဖတ်သူ ။ ဒါဆို ဆရာက ဂျပန်တွေနှိပ်စက်ဆိုးသွမ်းကြပုံတွေကို ကောင်းကောင်းမမီခဲ့ဖူး ပေါ့။

ကျွန်ုပ် ။ ကလေးဆိုတော့ လူကြီးတွေရဲ့ အတွေ့အကြုံမျိုးတော့ မရှိဘူးပေါ့လေ။ ဂျပန် ပြေးသွားချိန်ရောက်တော့ နည်းနည်းမှတ်မိပါပြီ။ လူကြီးတွေ ပြန်ပြောင်းပြောကြတာတွေ မှတ်မိပါပြီ။ ကျွန်တော်တို့ရွာက အပျိုကြီး မ ....ဘယ်သူကို ဂျပန်က အတင်းဆွဲခေါ်သွားတာတဲ့။ ရွာထဲဂျပန်တွေဝင်လာပြီဆိုရင် ဂျပန်က စပါးကျီကိုဖွင့်ပြီး သူ့မြင်းတပ်ထားလိုက်တာပဲတဲ့။ ဘယ်သူဆိုရင်

ဂျပန်စကားပြန်လုပ်လိုလိုလုပ်ပြီး ကင်ပေတိုင်သတင်းပေးလုပ်တာတဲ့။ စသဖြင့်ပေါ့လေ။ အဲဒီ လို စကားတွေမှတ်မိတယ်။ ဂျပန်ပြေးခါနီး မှာ ရွာပြန်ရွှေ့လာတော့ ကျွန်တော့်အမေ ဘက်က အဘိုးအဘွားအိမ်မှာ ဂျပန်ကကြံသကာ ဝင်တောင်းတယ်။ ဂျပန်က ကျွန်တော့်အဘိုးကို စီးကရက်လာပေးတယ်။ သူလည်း သောက်ထားတော့ အနံ့ကလေးက မွှေးမွှေးကလေး။ ကျွန်တော်မှတ်မိသလောက်တော့ ကျွန်တော့်ဘဝမှာ စီးကရက်နံ့ကို ပထမဦးဆုံးရဖူးခြင်းပါပဲ။ အဲဒါ လေး မှတ်မိတယ်။ နောက်တစ်ခုက ကျွန်တော်တို့ရွာ ဦးထွန်းစိန်ဆိုတဲ့လူဟာ ချောင်းမြောက်ဘက် က ဖိုးဘီကုန်းပေါ်က ဂျပန်တွေဆင်းလာတာမြင်ရတယ်ဆိုတဲ့ အသံလည်းကြားရော ငှက်ကြီးတောင်ဓားဆွဲပြီး ဂျပန်တွေဆီပြေးတာ ဟိုက သူဓားဆွဲလာတာမြင်တော့ သေနတ်နဲ့ လှမ်းပြီးပစ်တော့မှ ပြန်ပြေးလာခဲ့ရတယ်ဆိုတဲ့ဟာမျိုးတွေတော့ မှတ်မိပါတယ်။

စာဖတ်သူ ။ ဂျပန်ကို တော်လှန်တာတပ်မတော်က ဆိုဆရာ။

ကျွန်ုပ် ။ လက်နက်နဲ့လူကို လက်နက်ချင်း ခုခံတော်လှန်ရတာ ဆိုတော့ အဲဒီ တုန်းက လက်နက်ကိုင်တပ်ဖွဲ့ဖြစ်တဲ့ ဂျပန်ခေတ်ထဲမှာထူထောင်ခဲ့တဲ့ ဘီဒီအေတပ်မတော်ကတော့ ဂျပန်ကို တော်လှန်ရာမှာ အမာခံအင်အားလို့ဆိုရမှာပေ့ါ။ ဒါပေမယ့် ဂျပန်ကိုတော်လှန်ကြတဲ့လုပ်ငန်းမှာ နောင်အခါ တောခိုသွားတဲ့ ဗမာပြည်ကွန်မြူနစ်ပါတီနဲ့ နောင်အခါ ဆိုရှယ်လစ်ပါတီရယ်လို့ ဖြစ်သွားတဲ့ ပြည်သူ့အရေးတော်ပုံ ပါတီတို့ဟာလည်း အလွန်အရေးပါတဲ့ အခန်းကဏ္ဍက ပါခဲ့တယ်လို့ ဆိုရပါမယ်။ ဒါပေမဲ့ အဲဒီ နိုင်ငံရေးပါတီတွေ၊ လက်နက်ကိုင်တပ်ဖွဲ့တွေချည်းလောက် နဲ့ တော်လှန်ရေးလုပ်ခဲ့တာ မဟုတ်ပါဘူး။ ပြည်သူတွေအားလုံးပါဝင်ခဲ့ကြတာလို့ ဆိုရပါမယ်။ အစောကပြောခဲ့တဲ့ ဓားဆွဲလိုက်တဲ့ ဦးထွန်းစိန်တို့လို လူတွေနိုင်ငံအနှံ့အပြား မြို့တိုင်းရွာတိုင်းမှာ ရှိခဲ့ကြတာပါ။ ကျွန်တော့်အဖေဆိုရင် ဘာပါတီဝင်မှ မဟုတ်ပါဘူး။ ဒါပေမယ့် နောင်မှာ ဗိုလ်မှူးချစ် ကောင်းလို့

တွင်မယ့်လူ ည ၉ နာရီလောက် ရွာကိုရောက်လာတော့ ဂျပန်တွေမသိမမြင်ရအောင် ရွာနဲ့ဘုန်းကြီး ကျောင်းကြားမှာရှိတဲ့ တဲတစ်တဲမှာ သွားပြီးဝှက်ပေးရပါတယ်။ သခင်တင်ထွန်းက ဗိုလ်ရဲထွဋ်ဆီစာသွားပေးခိုင်းလို့ ဂျပန်တွေနဲ့မတိုးအောင်ရှောင်ပြီး လယ်ကွင်းတွေထဲဖြတ်ပြီး စာသွားပေးရပါတယ်။

စာဖတ်သူ ။ သခင်တင်ထွန်းဆိုတာ ဘယ်သူတုန်းဆရာ။ ဘယ်ကနေ ဘယ်ကို သွားပေးရ တာတုန်း။

ကျွန်ုပ် ။ သခင်ထွန်းတင်ဆိုတာ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်တာရာရဲ့အစ်ကိုပေ့ါ။ နောင်မှာ ကွန်မြူနစ်ပါတီရဲ့ ထိပ်တန်းခေါင်းဆောင်တစ်ဦးအဖြစ်နဲ့ ရှမ်းပြည်နယ်ဘက်မှာ အစိုးရတပ်နဲ့ တွေ့ပြီး သေဆုံးတယ်ထင်တယ်။ သူက တို့ဗမာ အစည်းအရုံးခေတ်ကတည်းက ရမည်းသင်းခရိုင် မှာ အကြီးဆုံးသခင်ခေါင်းဆောင်ပါပဲ။ ကျွန်တော်တို့ရွာက ယခုအခါနေပြည်တော်လယ်ဝေးမြို့ နယ်ထဲက သာဝတ္တိမြို့ရဲ့အနောက်ဘက် နှစ်မိုက်လောက်မှာရှိပါတယ်။ ညောင်ပင်သာရွာလို့ ခေါ်ပါ တယ်။ အဲဒီ ညောင်ပင်သာရွာကနေပြီး နေပြည်တော်ပျဉ်းမနားမြို့ အရှေ့ဘက်မှာရှိတဲ့ ညောင်ပင် သာရွာကို သွားရတာ ပါ။ အဲဒီ ညောင်ပင်သာရွာထိပ်က ဘုန်းကြီးကျောင်းမှာ တိုင်းမှူးဗိုလ်ရဲထွဋ်တို့ တပ်စခန်းချထားလို့ ဗိုလ်ရဲထွဋ်ဆီ စာသွားပေးရတာ ပါ။ ဗိုလ်ရဲထွဋ်က ဂျပန်တော်လှန်ရေးမှာ တိုင်း ၅ လား၊ တိုင်း ၆ လား မကွဲဘူး။ အဲဒီ တိုင်းမှာပါ။ ကျွန်တော်တို့ရွာကနေ ယခုအခါ နေပြည်တော် လေဆိပ်ဖြစ်နေတဲ့နေရာနားက ရွာတွေကိုဖြတ်၊ ချောင်းကိုကူး၊ ပြည်ဝင်တို့၊ အောင်းကုန်းတို့ဆိုတဲ့ ရွာတွေနားက လယ်ကွင်းထဲအတိုင်း ဂျပန်တွေနဲ့ မတွေ့အောင်ခြေလျင်သွားရတာ ။ ၁၈ မိုင် ခရီး လောက်နေမှာပေ့ါ။

စာဖတ်သူ ။ ဒါဆိုရင် ဆရာ့အဖေကလည်း ဂျပန်တော်လှန်ရေးတပ်သားကြီးပေ့ါ။

ကျွန်ုပ် ။ ကျွန်တော့်အဖေအကြောင်း

သိဒ္ဓိတင်ပြောလိုတဲ့ရည်ရွယ်ချက်မဟုတ်ပါဘူး။ ဂျပန် တော်လှန်ရေးကို နိုင်ငံရေးခေါင်းဆောင်တွေ၊ တပ်မတော် ခေါင်းဆောင်တွေ ရှေ့ကဦးဆောင်လုပ်ခဲ့တာမှန်ပေမဲ့ အညတြပြည်သူတွေလည်း မိမိတို့စွမ်းရာနေရာကပါခဲ့ကြတယ်ဆိုတာကို စဉ်းစားမိ လို့ ပြောတာပါ။

စာဖတ်သူ ။ ဂျပန်ခေတ်က တော်တော်ဆင်းရဲကြမှာပဲနော်။

ကျွန်ုပ်။ ကျွန်တော့်အဖေအကြောင်း သိဒ္ဓိတင်ပြောလိုတဲ့ ရည်ရွယ်ချက်မဟုတ်ပါဘူး။ ဂျပန် တော်လှန်ရေးကို နိုင်ငံရေးခေါင်းဆောင်တွေ၊ တပ်မတော် ခေါင်းဆောင်တွေ ရှေ့ကဦးဆောင်လုပ် ခဲ့တာမှန်ပေမဲ့ အညတြပြည်သူတွေလည်း မိမိတို့ စွမ်းရာနေရာကပါခဲ့ကြတယ်ဆိုတာကို စဉ်းစားမိ လို့ ပြောတာပါ။

စာဖတ်သူ ။ ဂျပန်ခေတ်က တော်တော်ဆင်းရဲကြမှာပဲနော်။

ကျွန်ုပ် ။ ကျွန်တော်တို့ကသာ ကလေးမို့ ကောင်းကောင်းမသိကြတာဘဲ။ ဆင်းရဲကြတာက တော့ တကယ်ပဲလို့ ယုံနိုင်ပါတယ်။ ပစ္စည်းပစ္စယတွေကလည်း ရှားပါးလှတယ်လေ။ ကွမ်းသီးမရှိ တော့ သစ်ခေါက်နဲ့ကွမ်းစားကြရ။ လက်ဖက်ခြောက်မရှိတော့ ဒန့်ကျွဲစေ့လှော်ခတ်ပြီး ရေနွေးကြမ်း သောက်ကြရ။ အဝတ်အထည်ကလည်းရှား။ လေထီးပိတ်ဆိုတာကို ချုပ်ဝတ်ကြရတယ်။ ကျွန်တော်ငယ်စဉ် ကျောင်းသားဘဝအထိ ကျွန်တော်တို့ အိမ်မှာလေယာဉ်ပျံပျက်ကို အရည်ကျို လုပ်တဲ့ ဒန်ပန်းကန်ခပ်ထူထူတွေ သုံးခဲ့သေးတယ်။ စစ်ရဲ့အမှတ်လက္ခဏာတွေပေါ့။ ဂျပန်စစ်ရှုံးလို့ ပြေးပေမဲ့ အဲဒီ ခေတ်ကို အောက်မေ့ဖွယ် လူတိုင်းနီးပါး ဝဲတွေစွဲကျန်ရစ်ခဲ့ပါတယ်။

စာဖတ်သူ ။ ဒါဆို ဆရာက လူမှန်းမသိတသိ အရွယ်ကတည်းက အနိဋ္ဌာရုံတွေ ကြုံလာတာ ပေါ့။

ကျွန်ုပ် ။ လူမှန်းသိတဲ့ အရွယ်ရောက်တော့လည်း ဣဋ္ဌာရုံကတော့

ခပ်နည်းနည်းပါပဲ။ ဂျပန်ပြေးလို့ အင်္ဂလိပ်တွေ ပြန်ဝင်လာတော့ ကက်စ်ဘီခေတ် ရောက်လာတဲ့အခါ သူကြီးနဲ့ပုလိပ် တွေက ပြန်အာဏာပြပြန်ရောလေ။ ဂျပန်ဝင်စမှာ ဘီအိုင်အေက အုပ်ချုပ်တော့ အင်္ဂလိပ်မျက်နှာ ဖြူတွေရဲ့ လက်ကိုင်တုတ်တွေဖြစ်တဲ့ ပုလိပ်တို့၊ သူကြီးတို့ အာဏာမဲ့သွားကြတယ်။ အချို့နယ် တွေမှာ ဘီအိုင်အေကလည်း လက်စွမ်းပြကြဆိုထင်ပ့ါ။ ကျွန်တော်တို့ဆီမှာတော့ အင်္ဂလိပ်ကို ပြန်လှန်ချင်တဲ့ သခင်လိုဘာလိုလူတွေကို မျက်မုန်းကျိုးပြီး အမှုအမျိုးမျိုးနဲ့ ဖမ်းတာပဲ။ ကျွန်တော့် ဘထွေးတစ်ယောက်စားပြမှုနဲ့စွပ်စွဲပြီး အဖမ်းခံရတယ်။ ဘီအိုင်အေ အုပ်ချုပ်ရေးမှာကိုင်ခဲ့တဲ့ ကြံဖုစုရွာက သခင်အောင်ကြီး (ဦးအောင်ကြီး)တို့ အပါအဝင် လူတွေအများကြီး အဖမ်းခံရတယ်။ လယ်ဝေးအချုပ်ခန်းမှာ လူတွေမဆံ့ဘူးတဲ့။ ကျွန်တော့်ဘထွေးပြောတယ်။ အနှိပ်စက်လည်း ခံကြ ရတယ်။ ကျွန်တော်ကြီးလာတော့ ဘထွေးဖြစ်သူက ပြောဖူးတယ်။ “ဗိုလ်နေဝင်းက တော်တယ် ဟေ့။ တောင်သူလယ်သမားတွေပဲဆိုပြီး ပထွေးလေးတို့ကို သူလွှတ်ပေးလိုက်တာကွ” တဲ့။ ဒါပေမယ့် အဲဒီ လို ဖမ်းဆီးနှိပ်စက်တာတွေ ခံရပြီးနောက် အချုပ်က လွတ်လာတဲ့အခါ ဦးအောင်ကြီး တို့ လက်နက်ကိုင်ပြီး အင်္ဂလိပ်အစိုးရကို တော်လှန်တော့တာပဲ။ ဗိုလ်အောင်ကြီးဆိုပြီး နာမည်တွင် သွားတယ်။ လယ်ဝေးနယ်မှာ ဗိုလ်အောင်ကြီးလိုသူပုန်ဗိုလ်တွေ အတော်များများထွက်ခဲ့ပါတယ်။ ကွန်မြူနစ်တွေ တောမခိုခင် ကတည်းက သူပုန်ထနေတာပါ။ သခင်တင်မြတို့ရေးတဲ့ စာအုပ်တွေ ဘာတွေထဲမှာ သခင်တွေထောင်ထဲမှာ “လယ်ဝေးသူပုန် ကြီးကြီးမားပါပေတယ်” ဆိုတဲ့ သီချင်း တောင်ဆိုခဲ့ကြသေးဆိုပဲ။ အဲဒါ လွတ်လပ်ရေးမရမီမှာ ကျွန်တော်တို့နယ်မှာ ကြုံခဲ့ရတာ တွေပါ။ ဗိုလ်အောင်ကြီးက ၁၉၄၉ ခုနှစ်မှာ အလင်းဝင်တယ်။ မြေပေါ်ရောက်လို့ မကြာမီကျောက်ပေါက်ပြီး သေသွားတော့ သူ့တပ်ကို လယ်ဝေး ဖ. ဆ. ပ. လ. အမတ် သခင်ကြည်ရှိန်ရလိုက်ပါတယ်။ သခင်ကြည်ရှိန်ဟာ သူ့ရွာ (သပြေပင်ရွာ) ထိပ်မှာ ဗိုလ်အောင်ကြီး အထိမ်းအမှတ် ကျောက်တိုင် ကြီးစိုက်ပြီး နှစ်စဉ်တပို့တွဲလမှာ အောင်ကြီးကျောက်တိုင် ပွဲဆိုပြီး

စိန်အောင်မင်းဇာတ်နဲ့ပွဲခံပါတယ်။

လေးကောင်ဂျင်အနီထောင်ဝိုင်းတွေထည့်ပါတယ်။ ကျွန်တော်တောင် ကျောင်းသားဘဝမှာ စကော လားရှစ်စတိုင်ပင်ရတဲ့ တစ်နှစ်စာငွေကို အေလာကျောင်းသွားထုတ်ပြီး အဲဒီ ပွဲသွားကစားခဲ့တာ မှတ်မိသေးတယ်ဗျ။ ဝိုင်းတွေက တယ်ကောင်းကိုးဗျ။ တစ်နယ်လုံးလည်း မွဲလို့ကောင်းပေါ့ဗျာ။

စာဖတ်သူ ။ ဆရာပြောတာ နားထောင်ရတော့ ကျွန်တော်တို့က အဲဒါမျိုးတွေ မကြုံရတာ ဝမ်းသာရမလိုပေါ့နော်။

ကျွန်ုပ် ။ ဟုတ်တာပေါ့။ ခင်ဗျားတို့က ဆိုရှယ်လစ်ခေတ်ထဲ တန်းစီတိုးရတာ လောက် ပင်ပန်းတာ။ ကျွန်တော်တို့တောမယ်ဆိုတာက စစ်ပြီးခေတ်မှာ စစ်အတွင်းကလက်နက်တွေက လည်း ကျန်နေကြတော့တချို့က ဓားပြတိုက်တယ်ဗျ။ ကျွန်တော်တို့ ၁၀ နှစ်သားအရွယ်မှာ အဘိုး အဘွားတို့နဲ့အတူနေတော့ ကျွန်တော့်အဘိုးအဘွားများ ညကျရင် အဝတ်အစားသစ်ကလေးတွေ ကို စောင်နဲ့အသင့်ထုတ်ထားရတယ်ဗျ။ ခွေးဟောင်သံကြားရင် အထုပ်ကလေးဆွဲအိပ်ပေါ်ကဆင်း ပြီး စပါးကျီအောက်ဘာအောက်မှာ သွားပုန်းနေနိုင်အောင်လို့ဖြစ်ပါတယ်။

စာဖတ်သူ ။ အဲဒါတွေဖြစ်ချိန်မှာ လွတ်လပ်ရေးမရသေးဘူးပေါ့။

ကျွန်ုပ် ။ ဟုတ်ပါတယ်။ ဒါပေမယ့် လွတ်လပ်ရေးရတော့လည်း ကျီးမနိုးလူဖမ်းပွဲဆိုတာ တွေကြုံရသေးတယ်ဗျ။ ကျွန်တော်တို့ ပျဉ်းမနား၊ လယ်ဝေးဆိုတာက ကွန်မြူနစ် စည်းရုံးရေး ကောင်းတဲ့နယ်တွေ မဟုတ်လား။ ဖ.ဆ.ပ.လ အစိုးရက ကွန်မြူနစ်နံ့နံ့သူတွေကို လင်းအားကြီး အချိန်မှာ ရွာကိုဝိုင်းပြီး ဖမ်းတာမျိုးပေါ့။

စာဖတ်သူ ။ ကွန်မြူနစ်တွေ တောခိုတော့လည်း ဆရာတို့နယ်တွေမှာ ဒုက္ခတွေ့မှာပေါ့နော်။

ကျွန်ုပ် ။ အေးဗျာ။ ကိုယ့်လာမမှန်တောင်မှ သေနတ်သံတွေ နေ့တိုင်းနီးပါးကြားနေရတာ ဘယ်မှာ နားဝင်ချိုသာနိုင်ပါ့မလဲ။ ကျွန်တော်တို့ တွေ့ဖူးသလောက်တော့ အစိုးရဘက်ကလည်း သူပုန်ကို အပြစ်ပြောတယ်ဗျ။ သူပုန်တွေကလည်း အစိုးရကို အပြစ်ပြောတယ်။ ကိုယ့်ကောင်းချည်း ပြောတာပေါ့ဗျာ။ ဒါပေမယ့် ကျွန်တော်တို့ ပြည်သူလူထုအဖို့တော့ အစိုးရနဲ့သူပုန်ဘယ်သူက ကောင်းတယ်၊ ဆိုးတယ်ပြောပြော .. ပြည်တွင်းစစ်ကြီးဖြစ်တာ သူတို့နှစ်ဦးမတည့်လို့ ဖြစ်တာလို့ပဲ မြင်ပါတယ်။ တစ်ဦးနဲ့တစ်ဦးတည်အောင်နေနိုင်ကြရင် သေနတ်သံတွေဘယ်မှာ ကြားရတော့မလဲ။ တကယ်တော့ ကျွန်တော်တို့ဒီအရွယ်မျက်စိမျိုးနဲ့ ပြန်ကြည့်မိတဲ့အခါ ဆိုရှယ်လစ်ပါတီရော၊ ကွန်မြူ နစ်ပါတီပါ ဂိုဏ်းဂဏစိတ်တွေ ဝါဒစိတ်တတွေကြီးကြလို့ အချင်းချင်းမတည့်ရာက အဲဒီ လိုဖြစ်ကုန် ကြတာပဲလို့ တွေ့ရတယ်ဗျ။

စာဖတ်သူ ။ ဆရာပြောတာ မရှင်းဘူးဆရာ။

ကျွန်ုပ် ။ နိုင်ငံရေးမှာ အမြော်အမြင်မကြီး၊ သဘောထားမကြီးရင် တိုင်းပြည်နာတယ်လို့ ပြောတာဗျ။

စာဖတ်သူ ။ ကောင်းပါပြီ ဆရာ။ အဲဒီ လိုဆိုရင် ဆရာတို့ငယ်စဉ်တုန်းက ပြည်တွင်းစစ်ကို တစ်ဖက်ကကြုံရတယ်ဆိုပေမယ့် တစ်ဖက်ကလည်း ပါလီမန် ဒီမိုကရေစီခေတ် ဆိုတော့ ဒီမိုကရေ စီရဲ့အနှစ်သာရကိုတော့ ခံစားခဲ့ရမှာပေါ့။

ကျွန်ုပ် ။ ပါလီမန် ဒီမိုကရေစီဆိုတော့ တစ်ပါတီစနစ်တို့ထက်တော့ လွတ်လပ်စွာ ပြောဆို ခွင့်တို့၊ သတင်းစာလွတ်လပ်ခွင့်တို့ ပိုရှိတာတော့လည်း မှန်ပါတယ်။ ဒါပေမယ့်လည်း ပြည်သူအများစုကြီးကတော့ ဦးနုပြောဖူးတဲ့ “မျောက်လောင်းက မျောက်လောင်း”ပါပဲ ဆိုတဲ့စကား လိုပဲ သိပ်ပြီးထူးထူးခြား အကျိုးမခံစားရပါဘူး။ ဖဆပလ အစိုးရလည်း ကိုရီးယားမှာ တောင်နဲ့ မြောက် စစ်ဖြစ်နေတော့ လယ်မလုပ်နိုင်ကြလို့၊ မြန်မာနိုင်ငံက ဆန်ကလေးက

အတော်ရောင်းရ တယ်။ အဲဒီ ဆန်ကရတဲ့ ပိုက်ဆံလေးနဲ့ ပြည်တော်သာစီမံကိန်းတို့ဘာတို့ဆိုတာ လုပ်ရှာပါရဲ့။ အမျိုးသားပညာရေးအတွက် (လူထုပညာရေးလို့ သုံးတယ်) ဘာသာပြန်စာပေအသင်းတို့၊ စာပေဗိမာန်တို့ ထောင်ကာ လူထုအသိပညာမျက်စိပွင့်လာအောင် ကြိုးစားရှာပါတယ်။ ဒါပေမဲ့ အဲဒီ ပြည် တော်သာ စီမံကိန်းကလည်း ကျွန်တော်မှတ်မိသလောက် ကျွန်တော်တို့ရွာမှာ ပြည်တော်သာရေ တွင်းလေး တစ်တွင်းလောက်ပဲ ခံစားလိုက်ရပါတယ်။

စာဖတ်သူ ။ ဘယ်သူတွေ ခံစားပစ်ကုန်ကြလို့လဲ။

ကျွန်ုပ် ။ ဩော် …ခေတ်တစ်ခေတ်မှာ အကျိုးခံစားစရာရှိရင် အာဏာရပါတီနဲ့ ပေါင်းတဲ့ လူတွေပဲပေါ့ဗျာ။ အဲဒီ တော့ ဖဆပလ နာမည်ပျက်တယ်။ ဖဆပလကလည်း ဆိုရှယ်လစ်ပါတီ မဏ္ဍိုင်ထားပြီးဖွဲ့ကထားတော့ ဦးကျော်ငြိမ်းတို့ ဆိုရှယ်လစ်ပါတီနာမည်ပျက်တာပေါ့ဗျာ။ ဒါထက်.. ခင်ဗျား ဒဂုန်တာရာရဲ့ ရုပ်ပုံလွှာ ဖတ်ဖူးသလား။

စာဖတ်သူ ။ ဘာဖြစ်လို့လဲ ဆရာ၊ ဖတ်တော့ဖတ်ဖူးပါတယ်။

ကျွန်ုပ် ။ အဲဒီ စာအုပ်ထဲမှာ ဦးဗဆွေ ရုပ်ပုံလွှာလည်း ပါတယ်လေဗျာ။ အဲဒီ အထဲမှာ ဒဂုန်တာရာက “ကျွန်တော်ကတော့ ကွန်မြူနစ်တွေက ခင်ဗျားတို့ထက် သန့်ရှင်းတယ်လို့ ထင်တာပဲ” လို့ ပြောတဲ့အခါ “မင်းက သန်းထွန်းလူလား” လို့ ဦးဗဆွေက ပြန်မေးပြီး “ငါတို့က အာဏာရပါတီဆိုတော့ ဝင်ချင်တဲ့လူချည်းပဲကွ။ သန့်လို့ မရဘူး။ ကွန်မြူနစ်ပါတီက တိုက်ပွဲလုပ် နေတဲ့ပါတီဆိုတော့ သန့်ပြီးသားဖြစ်နေပြီ။ တိုက်ပွဲလုပ်နေတာကို သန့်နေတာပဲ။ တကယ်မယုံဘဲ နဲ့ ဝင်မတိုက်ဘူး” ဆိုတဲ့ စကားပါတယ်။ ပြောချင်တာက အာဏာရဆိုရှယ်လစ်ပါတီကို မှီပြီး စီးပွားရှာ သူတွေကတော့ ပြည်တော်သာစီမံကိန်းနဲ့ အကျိုးဖြစ်မှာပေါ့လေ။ ဒါပေမယ့် လူထုကတော့ ဒုံရင်းဒုံ ရင်းပါပဲ။ အာဏာရဖဆပလပါတီအတွင်း အကျင့်ပျက်ခြစားတာတွေရှိခဲ့တာပါ။

စာဖတ်သူ ။ အဲဒီ လိုအကျင့်ပျက်မှု၊ အဂတိလိုက်စားမှုတွေရှိတာတော့ ဘာဖြစ်တုန်း ဆရာ။

ကျွန်ုပ် ။ ဘာဖြစ်တုန်းဆိုရင် ဖဆပလကိုလူထုက ကြည်ညိုတာပျက်လာတာပေ့ါ။ ဗိုလ် ချုပ်အောင်ဆန်း ရှိသေးစဉ် ၁၉၄၇ ခုနှစ် တိုင်းပြုပြည်ပြုလွှတ်တော် ရွေးကောက်ပွဲမှာ ဖဆပလနဲ့ အတိုက်အခံဖြစ်နေတဲ့ ကွန်မြူနစ်ပါတီက အမတ် ၇ နေရာပဲ အနိုင်ရခဲ့တယ်။ တစ်သီးပုဂ္ဂလအမတ် နည်းနည်းပဲပါတယ်။ ကျန်တဲ့အမတ် နေရာအားလုံးနီးပါးကို ဖဆပလကပဲနိုင်ခဲ့တယ်။ ၁၉၅၁-၅၂ ရွေးကောက်ပွဲကျတော့ ၁၉၄၇ ရွေးကောက်ပွဲကျတော့ ဖဆပလကို အတိုက်အခံလုပ်နေတဲ့ ပမညတက လွှတ်တော်အမတ်နေရာ ၂၅၀ အနက် အမတ် ၄၅ နေရာလောက် အထိရလာတယ်။ (၄၇ နေရာလောက်တောင် ရခဲ့သလား မပြောတတ်ဘူး) အတိုက်အခံဆိုတာက အစိုးရမကောင်း ပြောရတာ လွယ်တယ်။ အစိုးရကိုယ်တိုင်ကလည်း ပြောစရာမကောင်းတာတွေ တကယ်ရှိနေတဲ့ အခါ အစိုးရကို အကြည်ညိုနည်းသွားပြီး အတိုက်အခံကို မဲပေးချင်လာတာပေ့ါ။

ဖဆပလဟာ ကိုယ့်အပေါ် လူထုရဲ့ ထောက်ခံမှုကျဆင်းလာတာကို အမှန်အတိုင်း သုံးသပ် ပြုပြင်မှုမလုပ်နိုင်ဘဲ အတိုက်အခံတွေအပေါ် မနိုင်အနိုင်နည်းနဲ့ လုပ်လာတယ်။ ကျွန်တော်တို့ ပျဉ်းမနားမြို့မှာ နေ့ခင်းကြောင်တောင် အတိုက်အခံကို ကားနဲ့တိုက်သတ်တာမျိုး ဖြစ်တယ်။ (အဲဒီ လို ကားနဲ့တိုက်စဉ်က ကိုယ်တိုင်ပါ သူက ကျွန်တော့်ကို ခရေစေ့တွင်းကျ ပြောသွားဖူးတာရှိပါ တယ်) မင်းလှ လေးလောင်းပြိုင်၊ ငန်းဇွန်းငါးလောင်းပြိုင်ဆိုတဲ့ နိုင်ငံရေးရက်စက်မှုတွေ ရှိခဲ့တယ်။ ရန်ကုန်မြို့ထဲမှာ ပမညတတွေက "မြိတ်မပို ဘယ်ရောက်သွားသလဲ ဆိုတဲ့ ပိုစတာတွေ လိုက်ကပ် တယ်။ ဒါပါလီမန် ဒီမိုကရေစီခေတ်မှာ ဒီမိုကရေစီကို ရှင်သန်အောင် မလုပ်နိုင်ခဲ့လို့ ဖြစ်လာပုံ အကျိုးဆက် တွေပါပဲ။ နောက်တော့ ဆိုရှယ်လစ်တွေကြောင့် ဖဆပလတော့

ဒုက္ခရောက်တော့မှာ ပဲ ဆိုပြီး “စ” သုံးလုံးတို့ ဘာတို့ ဖွဲ့တယ်။ “စ” သုံးလုံး ပေါ်ပေါ်ချင်း အရေးယူခံရသူတွေက ဆိုရှယ် လစ်ပါတီနဲ့ မကင်းသူတွေဆိုတော့ ဦးကျော်ငြိမ်းတို့က ဦးနုတို့ကို ချတာပဲ ဆိုပြီး ဖဆပလကွဲတော့ တာပဲ။”

စာဖတ်သူ ။ ဖဆပလကွဲတာ သူ့ကြောင့်ငါ့ကြောင့်လို့ ပြောစရာတွေ မရှိဘူးလား ဆရာ။

ကျွန်ုပ် ။ ပြောစရာတွေကတော့ သူ့ဘက်ကိုယ်ဘက် ရှိကြမှာပေ့ါလေ။ ကျွန်တော် အခုပြောနေတာက ပြည်သူတွေရဲ့အမြင်ဘက်က ကြည့်ပြီးပြောတဲ့သဘောပဲ။

စာဖတ်သူ ။ အိမ်စောင့်အစိုးရ အဲဒါကြောင့် တက်လာတာလား။

စာဖတ်သူ ။ အခြေခံကတော့ အဲဒါကြောင့်ပေ့ါဗျာ။ ကွဲကြတော့ ဦးနုနဲ့ ဦးကျော်ငြိမ်းတို့ လွှတ်တော်ထဲမှာမဲခွဲပြီး မင်းတို့ကို ထောက်ခံသူပိုများရင် မင်းတို့ အစိုးရလုပ်၊ ငါဆင်းပေးမယ်။ ငါ့ကို ထောက်ခံသူများရင် ငါအစိုးရ လုပ်မယ်။ မင်းတို့ ဆင်းပေးရမယ်လို့ သဘောတူကြပြီး ၁၉၅၈ ခု ဇွန်လထဲမှာ ထင်တယ်၊ လွှတ်တော်ခေါ်မဲခွဲတဲ့အခါ ပမညက အမတ်တွေက ဦးနုဘက်က ထောက် ခံပေးလိုက်တာနဲ့ ဦးနုကမဲခြောက် မဲခုနှစ်မဲလောက်နဲ့ထင်ပါ့၊ အသာရပြီး သန့်ရှင်း အစိုးရဆိုပြီး ဖြစ်လာတယ်။

စာဖတ်သူ ။ ဘာ့ကြောင့် သန့်ရှင်းလို့ ခေါ်တာတုန်းဆရာ။

ကျွန်ုပ် ။ ဖဆပလကွဲတော့ ဖဆပလဆိုတဲ့ နာမည်ကိုလည်း ဘယ်သူမှ မစွန့်လွှတ်ချင်ကြ ဘူးလေ။ ဦးနုက ဟိုဖက်ဖဆပလက လူညစ်ပတ်တွေ၊ တို့ဖဆပလကမှ သန့်ရှင်းတယ်ဆိုတဲ့ အဓိပ္ပါယ်နဲ့ “သန့်ရှင်း” လို့ အမည်ယူတာပဲ။ ဦးကျော်ငြိမ်းတို့ဘက်ကလည်း ဖဆပလကြီး တည်မြဲရ မယ်ဆိုတဲ့ ကြွေးကြော်သံနဲ့ “တည်မြဲ ဖဆပလ” လို့ နာမည်ယူပါတယ်။ (ဖဆပလ အဖွဲ့အာဏာအ နှစ် ၄၀ တည်ရမယ်လို့ ကြွေးကြော်ခဲ့ကြတာပါ။ ရည်မှန်းချက်ဆိုတာက ကြွေးကြော်သံနဲ့

ဖြစ်တာ မျိုးမဟုတ်တော့ ၁၀ နှစ်နဲ့ ပြိုကွဲသွားပါတယ်)

စာဖတ်သူ ။ အိမ်စောင့်အစိုးရ ဘာ့ကြောင့် ပေါ်လာတာတုန်း။

ကျွန်ုပ် ။ ခုနပြောသလို လွှတ်တော်ထဲမှာ မဲခွဲ၊ ဦးနုဘက်က မဲအသာရလို့ ဦးကျော်ငြိမ်းတို့ ဘက်က ဝန်ကြီးတွေ အစိုးရအဖွဲ့ထဲက ထွက်ပေး၊ ဦးနုက သန့်ရှင်းအစိုးရဖွဲ့တယ်။ ပြဿနာအ ပေါင်း သောင်းခြောက်ထောင်ဆိုက်တာ ၃ လနှင့် ၁၇ ရက်အကြာမှာဗိုလ်ချုပ်နေဝင်းလက်ထဲ အာ ဏာလွှဲ အပ်လိုက်ရတော့တာပဲ။ သို့သော် အိမ်စောင့်အစိုးရတက်လာတာကတော့ သန့်ရှင်းအစိုးရ ဝန်ကြီးချုပ်က ၁၉၅၈ ခုနှစ် စက်တင်ဘာ ၂၈ ရက်မှာ တရားဝင်စာနဲ့ပေနဲ့ လွှဲပေးလို့အောက်တိုဘာ ၂၈ မှာ တရားဝင်တက်လာတာပါ။ အဲဒီ အထဲမှာ အချက် ၆ ချက်ပါတယ် ထင်တယ်။ တိတိကျကျ မမှတ်မိတော့ပါဘူး။ တစ်ချက်ကတော့ ခြောက်လအတွင်း လွတ်လပ်တရားမျှတတဲ့ရွေးကောက်ပွဲ လုပ်ပေးပါမယ်။ ဆိုတဲ့အချက်ဖြစ်ပါတယ်။ ဗိုလ်ချုပ်ကြီးနေဝင်းက တကယ်လုပ်ကြည့်တဲ့အခါ ခြောက်လနဲ့တော့ တရားမျှတတဲ့ရွေးကောက်ပွဲမဖြစ်နိုင်ဘူး။ လက်နက်တွေ ကိုင်ထားကြတာတွေ ရှိနေပါတယ်။ အဲဒါတွေပါရှင်းပြီးမှ တရားမျှတတဲ့ ရွေးကောက်ပွဲလုပ်လို့ရမယ်ဆိုတာနဲ့ ဖွဲ့စည်းအုပ် ချုပ်ပုံ အခြေခံဥပဒေကို ပြင်ပေးရတယ်။

စာဖတ်သူ ။ ဘာကြောင့် ပြင်ပေးရတာ လဲ ဆရာ။

ကျွန်ုပ် ။ အရင် ၁၉၄၇ ခုနှစ်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမှာက ပြည်သူတင်မြှောက်တဲ့ ကိုယ်စားလှယ်မဟုတ်တဲ့ သူများနဲ့ ဖွဲ့ထားတဲ့ အစိုးရအဖွဲ့ဟာ ခြောက်လထက် သက်တမ်းပို မရှည်စေရလို့ ကန့်သတ်ချက် အပိုဒ်တစ်ပိုဒ်ပါလို့ ဦးနုက လွှတ်တော်ပြန်ခေါ်ပြီး အဲဒီ အပိုဒ်ကန့် သတ်များကို ၁၈ လလို့ပြင်ပေးရခြင်းဖြစ်ပါတယ်။ အိမ်စောင့်အစိုးရတက်ပြီး ၁၄လအကြာ ၁၉၆၀ ဖေဖော်ဝါရီလမှာ ရွေးကောက်ပွဲလုပ်ပေးပြီး အနိုင်ရတဲ့ သန့်ရှင်းဖဆပလကို

အာဏာပြန်အပ်ခဲ့ပါ တယ်။

စာဖတ်သူ ။ ၁၉၈၈ ခုနှစ် တပ်မတော်အစိုးရတက်လာပြီးနောက် ကျင်းပပေးတဲ့ ရွေးကောက်ပွဲဟာလည်း ၁၄ လအကြာ ၁၉၉၀ မေလမှာကျင်းပပေးတာဆရာ။

ကျွန်ုပ် ။ ဒီဘက်ကာလ ကိစ္စတွေမှာတော့ ခင်ဗျားတို့သိပြီးကိစ္စတွေမို့ ကျွန်တော် ပြောစရာမလိုပါဘူး။ ဒါပေမယ့် ၁၉၆၀ ရွေးကောက်ပွဲမတိုင်ခင်က ကိစ္စတချို့ကို ကျွန်တော်ပြောပြပါ ဦးမယ်။

စာဖတ်သူ ။ အမိန့်ရှိပါဆရာ။

ကျွန်ုပ် ။ အဲဒီ ရွေးကောက်ပွဲမကျင်းပမီ တစ်လလောက်အလိုမှာ တည်မြဲ ဖဆပလဥက္ကဌ ဦးဗဆွေ ကျွန်တော်တို့ပျဉ်းမနားကိုလာပြီး မဲဆွယ်တရားဟောတယ်ဗျ။ ပျဉ်းမနားမြို့မဈေးနဲ့ မြောက်ဘက်ပေါက်က လမ်းပေါ်မှာပါ။ ကျွန်တော်သွားပြီး နားထောင်တယ်။ မဲဆွယ်တရားဟော တယ်ဆိုပေမဲ့ မိန့်ခွန်းက ခပ်တိုတိုပါပဲ။ မဲဆွယ်တယ်လို့တော် မဆိုနိုင်ပါဘူး။ ကျုပ်တို့က မနိုင်လည်း နိုင်မှာပဲ။ နိုင်လည်းနိုင်မှာပဲတဲ့။ ဒါလူထုဆီက မဲတောင်းတာ မဟုတ်ဘူးဗျ။ ကျုပ်တို့နောက်မှာ စစ်တပ်ရှိတယ်လို့ ပြောတာ။ အဲဒီ လို စကားတွေကြောင့် အဲဒီ တုန်းက လူထုက တပ်မတော်အပေါ် စိတ်တစ်မျိုးဖြစ်သွားကြတယ်။ အချို့တပ်တွေကလည်း တည်မြဲကိုအားပေးဖို့ လူထုကို ဖိအားပေးခဲ့တာရှိပါတယ်။ (ကျွန်တော်ကိုယ်တိုင်ကြုံခဲ့တာပါ)၊ အဲဒီ လို ကိစ္စမျိုးတွေ ၁၉၆၀ ရွေးကောက်ပွဲ မတိုင်ခင်မှာဖြစ်ခဲ့တယ်။ ခင်ဗျား ဒုတိယဗိုလ်ချုပ်ကြီးထွန်းကြည် (ငြိမ်း)ရဲ့ စာအုပ်ထဲ မှာ သူဗိုလ်ဖြစ်စမိတ္ထီလာကကျောက်ဆည်ကို တာဝန်ပေးစေလွှတ်လိုက်တော့ သူ့တပ်မှူးက ဘာ ပြောလိုက်တယ်ဆိုတဲ့ သဘောတွေဟာ အဲဒီ တုန်းက တပ်အချို့မှာဖြစ်ခဲ့တဲ့ အခြေအနေတွေပဲ။

အဲဒီ အခြေအနေတွေကြောင့် ဗိုလ်ချုပ်ကြီးနေဝင်းဟာ ၁၉၅၉ ခုနှစ် နိုဝင်ဘာမှာ ထင်တယ်။ မိတ္ထီလာမှာ တပ်မှူးတွေခေါ်ပြီး ဒီရွေးကောက်ပွဲမှာ တို့တပ်က ဘယ်ဘက်မှမလိုက်ကြ ပါနဲ့လို့ ပြောယူရတယ်။ နောင်မှာတပ်မတော် အရာရှိကြီးခြောက်ယောက်ဟာ အဲဒီ ကိစ္စမျိုးတွေ ကြောင့် တပ်ထဲက ထွက်လိုက်ကြရတယ်။ (အဲဒီ အကြောင်းတွေကို တချို့စာစောင်တွေမှာ တချို့ လူကြီးတွေ ပြန်ရေးပြနေတာတွေ ရှိပါတယ်။ )

ရွေးကောက်ပွဲမတိုင်မီမှာ ခုနပြောတာမျိုးတွေ အချို့နေရာတွေမှာရှိခဲ့ကြပေမဲ့လည်း တကယ်မဲပေးကြရတဲ့အခါပဲ ဆန္ဒရှင်တွေ လွတ်လွတ်လပ်လပ်မဲပေးခွင့်ရခဲ့ကြပါတယ်။ လူထုက သန့်ရှင်းရေးကိုပဲ စုပြုံမဲပေးလိုက်ကြပါတယ်။

စာဖတ်သူ ။ မဲဆန္ဒရှင်တွေက သန့်ရှင်းကို သိပ်သဘောကျကြလို့လားဆရာ။

ကျွန်ုပ် ။ အမှန်တော့ သန့်ရှင်းအမတ်တွေထဲမှာ နိုင်ငံရေးအစဉ်အလာရှိသူတွေ တည်မြဲ လောက်ပါတာ မဟုတ်ပါဘူး။ အချို့အမတ်လောင်းဆို ကြားတောင်မကြားဖူးပါဘူး။ ဒါပေမဲ့ လူထုစိတ်ဓာတ်ဆိုတာက တစ်မျိုးဗျ။ Rationality နဲ့အလုပ်လုပ်တာ မဟုတ်ဘူး။ ခံစားချက်နဲ့ လုပ်ကြတာ။ အမှန်ကတော့ တည်မြဲကိုမုန်းလို့ သန့်ရှင်းကိုပေးပစ်လိုက်တာပဲ။

စာဖတ်သူ ။ အဲဒီ တုန်းက တည်မြဲအစိုးရတက်လာရင် တပ်မတော်က အာဏာသိမ်းမှု ဖြစ်ချင်မှဖြစ်မယ်နော်။

ကျွန်ုပ် ။ အဲဒါတော့ ကျွန်တော်မပြောတတ်ဘူးဗျ။ ဗိုလ်ချုပ်ကြီးနေဝင်း မေးကြည့်မှသိမှာပဲ။

စာဖတ်သူ ။ ကျွန်တော်လည်းဆရာ့လိုပါပဲ။ နိုင်ငံရေးသမား

မဟုတ်ပါဘူး။ ပါတီ မထောင်နိုင်ပါဘူးဆရာရယ်။ ဆရာတို့ တွေ့ကြုံလာတာတွေ ကြားချင်လို့ပါ။ ကျေးဇူးတင်ပါတယ်။ ကျွန်တော့်ကို ခွင့်ပြုပါဦးနော်။

ကျွန်ုပ် ။ ဟုတ်ကဲ့ပါခင်ဗျားပြောလို့ ပြောရတာ ပါ။ ကျွန်တော်ကတော့ စာပဲရေးချင်ပါတယ်။

***



ဗိုလ်ချုပ်ကြီးနေဝင်း



ဝန်ကြီးချုပ်ဦးနု



ဗိုလ်မှူးချုပ်တင်ဖေ

# ကျွန်တော်နှင့် မ-ဆ-လ

တနင်္ဂနွေတစ်ရက်တွင် နေ့လယ်စာစားပြီး ၁၅ မိနစ်ခန့်မှေးပြီး ထလိုက်ရုံရှိသေး တံခါး ခေါက်သံကြား၍ ဖွင့်ပေးလိုက်ရာ ယခင်တစ်ပတ်က လာသွားသူကို တွေ့ရလေသည်။ ပါလာသော ကိတ်မုန့်ကလေးတစ်လုံးကို စားပွဲပေါ်တင်လိုက်ပြီး နောက်တစ်နေရာတွင် ဝင်ထိုင်သည်။

ကျွန်ုပ် ။ ကဲ အဲဒီ အပေါ်မှာ ရေနွေးဓာတ်ဘူးရော လက်ဖက်ပဲခြမ်းကြော်တွေပါ ရှိပါတယ်။ သောက်ပါ စားပါဦး။

စာဖတ်သူ ။ ဆရာက ဘာမှမယူခဲ့ပါနဲ့ပြောသော်လည်း ကုသိုလ်လိုချင်လို့ မုန့်ကလေး ယူလာတာကို ခွင့်လွှတ်ပါဆရာ။ ပြီးခဲ့တဲ့ သီတင်းပတ်တုန်းက ဆွေးနွေးခဲ့တာမှာ အိမ်စောင့်အစိုးရ က သန့်ရှင်းအစိုးရကို အာဏာလွှဲပေးလိုက်တဲ့ အကြောင်းလောက်နဲ့ ပြီးသွားတော့ ဆတ်တင့်ငံ့နဲ့ ပြန်သွားခဲ့ရသလိုဖြစ်လို့ ကနေ့တစ်ခေါက် ပြန်လာတာပဲ ဆရာရေ။

ကျွန်ုပ် ။ ခင်ဗျားက ဘာများထပ်ပြီး ဆွေးနွေးချင်သေးလို့တုန်း။

စာဖတ်သူ ။ သန့်ရှင်းအစိုးရအကြောင်း အကျဉ်းလောက်ပြောပါဦးဆရာ။

ကျွန်ုပ် ။ ကျွန်တော်မှတ်မိသလောက်တော့ အိမ်စောင့်အစိုးရက ရွေးကောက်ပွဲ အနိုင်ရတဲ့ သန့်ရှင်းကို အာဏာပြန်လွှဲပေးလိုက်လို့ အဲဒီ နှစ် ဧပြီလဆန်းမှာ ဦးနုမှာ ဝန်ကြီးချုပ်အဖြစ်တာဝန်ယူ တဲ့ သန့်ရှင်းအစိုးရတက်လာတယ်။ မကြာခင်မှာပဲ သူတို့ရဲ့ ပါတီသန့်ရှင်းဖဆပလကို ပြည်ထောင်စု ပါတီ (ပ.ထ.စ) ဆိုပြီး နာမည် ပြောင်းလိုက်တယ်။ အဲဒီ နောက် မကြာဘူး ဦးနု၊ ဗိုလ်မှူးအောင်၊ ဗိုလ်မင်းခေါင်အစရှိတဲ့ ဦး-ဗိုလ်က တစ်အုပ်စု၊ သခင်ကျော်ထွန်း အစရှိတဲ့ သခင်တွေက တစ်အုပ် စု ရယ်လို့ ပ. ထ. စ

ကွဲသွားပြန်တယ်။ ရွေးကောက်ပွဲ မတိုင်မီက ကတိပေးခဲ့တဲ့ မွန်ပြည်နယ်ကိစ္စ၊ ရခိုင်ပြည်နယ်ကိစ္စတွေ ပေါ်လာတယ်။ နောက်တော့ ရှမ်းစော်ဘွားဟောင်းတွေရဲ့ ဖက်ဒရယ်မူဆို တဲ့ ကိစ္စတွေ ပေါ်ပြီး ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်မှာ ဗိုလ်ချုပ်ကြီးနေဝင်းဦးဆောင်တဲ့ စစ်တပ်က အာဏာသိမ်းလိုက်တာပဲ။

စာဖတ်သူ ။ တချို့မှတ်တမ်းဟောင်းတွေထဲမှာ "မလွှဲမရှောင်သာသော အခြေအနေများ ကြောင့် တပ်မတော်က အာဏာသိမ်း"ရကြောင်း ဖော်ပြတာတွေ့ရတယ်။ အဲဒါနဲ့ ပတ်သက်လို့ နည်းနည်းရှင်းပြပါဦး ဆရာ။

ကျွန်ုပ် ။ တိုတိုပြောရရင်တော့ ဖက်ဒရယ်မူအတိုင်း တကယ်ဖြစ်သွားမယ်ဆိုရင် ပြည်ထောင်စုကြီး ပြိုကွဲသွားနိုင်တယ်။ ဒါကြောင့် ရုတ်တရက်ပေါ်လာသော မလွှဲမရှောင်သာတဲ့ အခြေအနေအရ အာဏာသိမ်းရတယ်လို့ အဓိပ္ပာယ်ဆောင်တယ်ပေ့ါဗျာ။ ဖက်ဒရယ်မူဆိုတာက လည်း တကယ်ပဲပေါ်လာတာဖြစ်တော့ အဲဒါကတော့ လတ်တလောအကြောင်းပေ့ါဗျာ။

သို့သော်လည်း ကျွန်တော့်စိတ်အထင်မှာတော့ ဗိုလ်ချုပ်ကြီးနေဝင်းက ၁၉၆၀ ပြည့်နှစ် ရွေး ကောက်ပွဲ မတိုင်မီကတည်းက သူ့ခေါင်းထဲမှာ "ဦးနုသာ အာဏာရလာရင်တော့" ဆိုတဲ့ အတွေး ကလေးရှိထားပုံရတယ်။

စာဖတ်သူ ။ အဲဒါကို သိပ်သဘောမပေါက်လို့ ရှင်းပြပါဦးဆရာ။

ကျွန်ုပ် ။ ဒီလိုဗျာ။ တချို့ အထောက်အထားတွေအရ သူဟာ ၁၉၆၂ ခုနှစ် မတ်လမတိုင်မီ ကတည်းက သူပြင်ဆင်နေတဲ့သဘောကလေးတွေ တွေ့ရတယ်။

စာဖတ်သူ ။ ဘယ်လိုတွေ့ရတာ တုန်းဆရာ။

ကျွန်ုပ် ။ ဥပမာဗျာ ၁၉၈၈ ခုနှစ် အရေးအခင်းမတိုင်မီမှာ ဗိုလ်ချုပ်အောင်ကြီးရေးတဲ့ စာတွေ လူထုထဲရောက်လာတယ်။ စာတစ်စောင်ထဲမှာ ဗိုလ်ချုပ်ကြီးနေဝင်းက "ဗိုလ်မှူးကြီးကျော် စိုးက အုပ်ချုပ်ရေးကို လေ့လာထား"၊

"ဗိုလ်ချုပ်တင်ဖေက သဘောတရားရေးကို လေ့လာထား" ရယ်လို့ ညွှန်ကြားထားတယ်ဆိုတဲ့ အကြောင်း ပါပါတယ်။ အခုနောက်ပိုင်း ကိုကိုမောင်ကြီးခေါ် ဦးချစ်လှိုင်တို့ ပြန်ပြောနေတဲ့ စကားတွေထဲမှာလည်း ၁၉၆၀ ခုနှစ် မတိုင်မီကတည်းက အဲဒီ လို ပြင်ဆင်မှုသဘောတွေပါနေပါတယ်။ ဒါကတော့ ကျွန်တော် မှတ်မိသလို အလွတ်ပြောရခြင်းပဲဗျ။ အထောက်အထားအတိအကျသိချင်ရင်တော့ ခင်ဗျားလိုက်ရှာဖတ်ပေါ့ဗျာ။

ကျွန်တော့်မှာ အထောက်အထားနဲ့ပြောလို့ရနိုင်မယ့် စာအုပ်ကတော့ ဟောဟို အပုံထဲမှာရှိ တဲ့ ဒေါက်တာမောင်မောင်ရဲ့ မြန်မာ့နိုင်ငံရေးခရီးနှင့် ဗိုလ်ချုပ်ကြီးနေဝင်းဆိုတဲ့ စာအုပ်ပဲ။ အဲဒီ စာ အုပ်ထဲမှာ ဗိုလ်ချုပ်ကြီးနေဝင်းဟာ ၁၉၅၉ ခုနှစ် နိုဝင်ဘာလ ၉ ရက်နေ့မှာ မိတ္ထီလာကိုသွားပြီး တပ် မှူးတွေကို မှာကြားတဲ့စကားတွေကို စာမျက်နှာ ၄၀၀ မှ ၄၀၇ အထိ မူရင်းအတိုင်းဖော်ပြထားတာ ရှိပါတယ်။ သူပြောတဲ့စကားတွေကို အနှစ်ချုပ်ကြည့်လိုက်ရင် "ဒီရွေးကောက်ပွဲပြီးရင် တက်ချင်တဲ့ လူတက်လာလိမ့်မယ်။ တက်လာတဲ့အခါ အရင်ကဖြစ်ခဲ့တဲ့အတိုင်း မကောင်းတာတွေ ထပ်ဖြစ် ချင်လည်းဖြစ်လာမယ်။ ကောင်းတဲ့အပိုင်းကိုပြောင်းချင်လည်း ပြောင်းသွားမယ်။ ဒါမှမဟုတ် အရင် ကထက် ပိုဆိုးချင်လည်း ဆိုးသွားမယ်။ ဖြစ်လာနိုင်တဲ့လမ်းသုံးလမ်းရှိတယ်။ လမ်းသုံးလမ်းမှာ အရင်ကဆိုးတာထက် ဆိုးလာရင်တို့ လက်ပိုက်ကြည့်နေလို့ မဖြစ်ဘူး။ လက်ပိုက်ကြည့်နေလို့မရ လို့ တို့ပြန်လုပ်တဲ့အခါတို့ကို လူထုက အကြည်ညိုကင်းလို့ မဖြစ်ဘူး။ ဒါကြောင့် ဒီရွေးကောက်ပွဲ မှာ မင်းတို့က ဘယ်သူ့ဘက်မှ မျက်နှာမလိုက်ဘဲ၊ မပင်းဘဲတည့် တည့်မတ်မတ်လုပ်ကြပါ။ တပည့် လိမ္မာဆရာအာပတ်လွတ်မလုပ်ကြပါနဲ့" လို့ အဓိပ္ပာယ်ရပါလိမ့်မယ်။ အဲဒီ ပြောဆိုချက်ကိုကြည့်ရင် ဗိုလ်ချုပ်ကြီးနေဝင်း ခေါင်းထဲမှာ ရွေးကောက်ပွဲအပြီးမှာ ဖြစ်လာနိုင်တဲ့ လမ်းသုံးသွယ်အနက် "အဆိုးဆုံး" ဆိုတဲ့လမ်းဖြစ်လာရင်

"တို့ပြန်လုပ်" ရမယ်ဆိုတာရှိနေပြီးဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။

ဒါပေမယ့် အဲဒီ စာအုပ်ထဲမှာပဲ စာမျက်နှာ ၄၂၀ မှာ ဒီလိုရေးထားတာရှိတယ်။ "လန်ဒန်မြို့ တွင် သတင်းစာဆရာအချို့က ဗိုလ်ချုပ်သည် အာဏာပြန်ယူရန် အချိန်ကိုစောင့်၍ အသင့်ပြင်နေ သလား" ဟု မေးကြသည်။ ဗိုလ်ချုပ်က ရယ်မော၍ "မဟုတ်ပါဘူး၊ အသင့်မပြင်ပါဘူး။ ဒီအတိုင်း နေရတာ စိတ်ချမ်းသာပါတယ်" ဟု ဖြေလေသည် တဲ့။

အဲဒီ ရေးသားချက်ကတော့ နောက်ပိုင်းပေါ်ပေါက်လာတဲ့ စောစောက ပြောခဲ့တဲ့ အုပ်ချုပ်ရေးအတွက် ဘယ်သူကပြင်ဆင်ထား၊ သဘောတရားရေးအတွက် ဘယ်သူက ပြင်ဆင်ထားဆိုတဲ့ ဖြစ်ရပ်တွေနဲ့ မညီဘူးလို့ ဆိုနိုင်ပါတယ်။ လန်ဒန်မှာ ဖြေတဲ့စကားမဖြေခင် "ရယ်မော၍ " ဆိုတော့ အဲဒီ ရယ်မောတာဟာ အဓိပ္ပာယ်ရှိနေတယ်လို့ ဆိုရပေမယ်။

စာဖတ်သူ ။ ဆရာကလည်းမရယ်ဘဲ အတည်မဖြေလို့ အဲဒီ စကား အတည်ယူလို့ မရဘူးလို့ အဓိပ္ပာယ်ကောက်ချင်တာလား ဆရာရယ်။ ကဲ… ထားပါတော့။ နောက်တော့လည်း အာဏာသိမ်းပြီးနောက် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီထဲ ဆရာရောက်လာပုံကိုပြောပြပါဦး။

ကျွန်ုပ် ။ ၆၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့မှာ အာဏာသိမ်းတယ်ဗျာ။ အစိုးရအဖွဲ့ဝင်တွေရော၊ အတိုက်အခံနိုင်ငံရေးသမားတွေပါ မြန်မာ့အသံ အဆောက်အအုံအတွင်းမှ ဖက်ဒရယ်မူကိစ္စနဲ့ စုဝေးရောက်ရှိနေကြချိန်မှာ သိမ်းလိုက်တာပါ။ အာဏာသိမ်းပြီးနောက် ၁၉၅၂ ခုနှစ်၊ ဧပြီလ ၃၀ ရက်မှာ ဝါဒသဘောထား ကြေညာချက် ၂၁ ချက်ကို ထုတ်ပြန်တယ်။

စာဖတ်သူ ။ အဲဒီ ၂၁ ချက်က ဘာတွေတုန်းဆရာ။

ကျွန်ုပ် ။ ခင်ဗျားကို တစ်ချက်ချင်း အလွတ်ရွတ်ပြတာမျိုးတော့ မလုပ်နိုင်တော့ပါဘူး။ အနှစ်သာရက ပါလီမန်ဒီမိုကရေစီစနစ်မကျင့်သုံးတော့ဘဲ

မြန်မာ့နည်း မြန်မာ့ဟန် ဆိုရှယ်လစ်စနစ် ကိုပဲ ကျင့်သုံးသွားတော့မယ်ဆိုတဲ့ အဓိပ္ပာယ်ပါပဲ။

အဲဒီ နှစ် ဇူလိုင်လထဲမှာ ထင်တယ်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို တည်ထောင်တယ်။ ရက်၊ လ ၊ နှစ် အတိအကျတွေကတော့ ခင်ဗျားဘာသာပဲ ရှာပြီး လေ့လာယူဗျာ။ ၁၉၆၃ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်မှာလား မပြောတတ်ဘူး။ ပါတီရဲ့အခြေခံဝါဒသဘောတရားဖြစ်တဲ့ "လူနှင့် ပတ်ဝန်းကျင်တို့၏ အညမည သဘောတရား" စာအုပ်ကို ထုတ်ပြန်ကြေညာပါတယ်။

စာဖတ်သူ ။ အဲဒီ အချိန်မှာ ဆရာက ပါတီဝင်ဖြစ်ပြီလား။ ပါတီဝင်ခဲ့ပုံလေးကို ပြောပြပါဦး။

ကျွန်ုပ် ။ ၁၉၆၃ ခုနှစ်မှာ ပါတီဝင်မဖြစ်သေးပါဘူး။ ပါတီမိတ်ဆွေတော့ ဖြစ်သွားပါပြီ။ ဖြစ်သွားပုံကလည်း တကူးတကသွားလျှောက်လို့ မဟုတ်ပါဘူး။ အဲဒီ အချိန်မှာ ပါတီစည်းရုံးဗဟို ကော်မတီလောက်ပဲ ရှိသေးတာပါ။ နောက်တော့ တိုင်းစည်းရုံးရေးကော်မတီတွေတော့ ပေါ်လာပြီ ပေ့ါလေ။ ဒါပေမယ့် ပါတီယူနစ်တွေဘာတွေ မပေါ်သေးပါဘူး။

စာဖတ်သူ ။ ဒါဆိုရင် ဆရာက ပါတီမိတ်ဆွေဖြစ်လာအောင် ဘယ်ကိုသွားလျှောက်လို့လဲ။

ကျွန်ုပ် ။ ဘယ်ကိုမှတော့ မသွားရပါဘူး။ ကျွန်တော်တို့က အဲဒီ အချိန်မှာ နေပြည်တော် ပျဉ်းမနားသကြားစက်မှာ ဝန်ထမ်းလေ ။ စက်ရုံကို ပါတီလျှောက်လွှာပုံစံတွေ အထုပ်လိုက်ကြီး ရောက်လာတော့ ဝန်ထမ်းတိုင်းလို ပုံစံမှာရေးဖြည့် လက်မှတ်ထိုးတင်ခဲ့ကြရတာ ပဲ။ အဲဒီ တုန်းက အုပ်ချုပ်ရေးလိုင်းမှာ ဗဟိုမှာ ဗ.လ.က (ဗဟိုလုံခြုံရေးနှင့်အုပ်ချုပ်မှုကော်မတီ)၊ တိုင်းမှာ တ.လ.က (တိုင်းလုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ) လို့ရှိတယ်ဗျ။ ပါတီလျှောက်လွှာတွေကို ဗ.လ.က က နေပြီး အဆင့်ဆင့်ပို့ပေးလိုက်တာနဲ့ ဌာနဆိုင်ရာတွေကို အဲဒီ

လျှောက်လွှာပုံစံတွေရောက်တယ်လို့ ထင်တာပဲဗျ။ ဝန်ထမ်းတွေကလည်း လျှောက်ဆိုတော့လျှောက်လိုက်ကြတဲ့ သဘောပါပဲ။ အဲဒီ လို လျှောက်လွှာတွေကိုဖြည့်ပြီး ဆိုင်ရာကို ဌာနဆိုင်ရာကပဲ ပို့ပေးလိုက်တော့ တစ်နိုင်ငံလုံးက ပါတီ လျှောက်လွှာတင်သူအားလုံးကို ပါတီမိတ်ဆွေအဖြစ်အသိအမှတ်ပြုတယ်လို့ အစိုးရက ကြေညာလို့ ပါတီမိတ်ဆွေဖြစ်သွားတာပဲ။

စာဖတ်သူ ။ ဒါဆိုရင် ဆရာတို့တစ်စက်ရုံလုံး ပါတီမိတ်ဆွေတွေပေါ့။

ကျွန်ုပ် ။ အဲဒီ လိုလည်း မဟုတ်ပါဘူး။ ကျွန်တော်တို့နဲ့ အောက်တန်းစာရေးအဖြစ် အတူလုပ်နေသူ ဦးသိန်းနွယ်ဆိုသူဟာ သူမယုံလို့မလျှောက်ဘူးဆိုပြီး ပါတီလျှောက်လွှာပုံစံကို လက်မှတ်မထိုးဘူးဗျ။ သူက နဂိုက တောခိုကွန်မြူနစ်။ မြို့နယ် ကော်မတီလောက် အဆင့်ရှိတယ် ထင်တယ်။ နောင် အလင်းဝင်လာလို့ သကြားစက်မှာ အလုပ်ပေးထားတာ။

စာဖတ်သူ ။ ဒါဆိုရင် ဗ.က.ပ လူထွက်တွေက ပါတီမလျှောက်ကြဘူးပေါ့။

ကျွန်ုပ် ။ အဲဒီ လိုလည်း မဟုတ်ပါဘူး။ ဦးတင်ရှိန် (သခင်တင်ရှိန်) ဆိုတာ တောထဲမှာတုန်း က ခရိုင်ကော်မတီအဆင့်ပဲ။ အလင်းဝင်လာတော့ သကြားစက်မှာ အထက်တန်းစာရေးအဆင့်နဲ့ အလုပ်ပေးထားတယ်။ သူလည်း လျှောက်ပါတယ်။ ကွန်မြူနစ်ထိပ်သီးခေါင်းဆောင်းတွေဖြစ်တဲ့ ဗိုလ်ရဲထွဋ်တို့၊ သခင်တင်မြတို့၊ အလံနီဒေါ်စောမြတို့ဆိုရင် ဗဟိုကော်မတီဝင်တွေတောင်ဖြစ်ပါသေး တယ်။

အဲဒီ တုန်းက နိုင်ငံရေးသမားဟောင်းတွေက ပါတီအနေနဲ့မဟုတ်ဘဲ တစ်ဦးချင်းအနေနဲ့ ပါတီဝင်ကြပါတယ်။ အချို့လူတွေကို လမ်းစဉ်ပါတီ ဗဟိုကော်မတီကတန်းပြီး အရန်ပါတီဝင်အဖြစ် သတ်မှတ်ထားပါတယ်။

စာဖတ်သူ ။ ဘယ်လိုလူတွေလဲ။

ကျွန်ုပ် ။ ကျွန်တော်မှတ်မိသမျှတော့ ရမည်းသင်းခရိုင်တစ်ခုလုံးမှာ ပါတီထောင်စ ၁၉၆၃ လောက်ကတည်းက အရန်ပါတီဖြစ်နေသူ လေးဦးရှိတယ်။ ပျဉ်းမနားက ဗိုလ်မှူးသံတိုင်နဲ့ သခင်လှ ဒင်ကြီး၊ ပျော်ဘွယ်က ပထစအမတ်ဟောင်း ဦးမင်းဒင်နဲ့ ကျွန်တော်တို့ သာဝတ္ထိက သန့်ရှင်းခေါင်း ဆောင်ဟောင်း ဦးဝင်းမောင်တို့ ဖြစ်ပါတယ်။

စာဖတ်သူ ။ ဆရာက ဘယ်အချိန်မှ အရန်ပါတီဝင်ဖြစ်တာတုန်း။ ဖြစ်လာပုံလေး ပြောပြပါဦး။

ကျွန်ုပ် ။ ၁၉၆၄ ခုနှစ် အလုပ်သမားနေ့ (မေဒေး)ကို အလုပ်သမားများရဲ့ ဘူမိနက်သန် ရေနံမြေချောက်မြို့မှာ ကျင်းပမယ်။ အဲဒီ မေဒေးနေ့မှာ အလုပ်သမားများရဲ့ ရပိုင်ခွင့်နဲ့ တာဝန်များ ပြဌာန်းတဲ့ဥပေဒကို အလုပ်သမားကိုယ်စားလှယ်များရဲ့သဘောတူညီချက်နဲ့ ပြဌာန်းမယ်ဆိုတဲ့ အစီအစဉ်နဲ့ အဲဒီ နှစ် ဧပြီလထဲမှာ ပါတီစည်းရုံးလေးမှူးနှစ်ယောက် ပျဉ်းမနားသကြားစက်ရောက်လာ သဗျ။ ဗိုလ်ကြီးမြတ်ထွန်းနှင့် ဗိုလ်ကြီးဘတင်ဆိုတဲ့ သူတွေဖြစ်ပါတယ်။ အလုပ်သမားရိပ်သာထဲမှာ စက်ရုံက အလုပ်သမားတွေအားလုံးနဲ့တွေ့၊ ဆွေးနွေးတင်ပြစရာများ ဆွေးနွေးတင်ပြပါဆိုတာနဲ့ အလုပ်သမားတွေထဲက အသီးသီး ထဆွေးနွေးကြတယ်။ ဆွေးနွေးကြသူများမှာ ကျွန်တော်လည်း ပါတယ်။ အဲဒီ လိုဆွေးနွေးကြတဲ့ လူတွေထဲက ကျွန်တော်အပါအဝင်ငါးဦးကို မေဒေးကိုယ်စားလှယ် အဖြစ် ရွေးသွားလို့ ကျွန်တော်က အလုပ်သမား ကိုယ်စားလှယ်ဖြစ်သွားတယ်။

စာဖတ်သူ ။ ပျဉ်းမနားတစ်မြို့နယ်လုံး ဘယ်နှဦးလဲဆရာ။

ကျွန်ုပ် ။ သကြားစက်က ငါးဦး၊ မြို့ပေါ်က နှစ်ဦး ပေါင်းခုနှစ်ဦးပါ။ ရမည်းသင်းခရိုင်အနေနဲ့ ၁၈ ဦးလား၊ ၁၉ ဦးလား အတိအကျ မမှတ်မိတော့ပါဘူး။

နေပြည်တော် လယ်ဝေးက စာရေးတစ်ဦး နဲ့ လက်ထောက်မြို့ပိုင် ဦးမြင့်ဆွေဆိုသူပါတယ်။ ဦးမြင့်ဆွေဆိုတာ နောင်မှာ ပန်တျာကျောင်း ကျောင်းအုပ်လုပ်သွားသူဖြစ်ပါတယ်။ အဲဒီ တုန်းက စစ်တိုင်းခြောက်တိုင်းမှာ တိုင်းခွဲတွေ ထပ်ခွဲ ထားတယ်။ န.မ.ခ ထဲမှာ တိုင်းခွဲ ၅ ခု ရှိရာမှာ မန္တလေးတိုင်း တိုင်းခွဲ ၁ က ကိုယ်စားလှယ် ၁၁၀ လောက် တက်ရပါတယ်။

စာဖတ်သူ ။ ဒါဆို အဲဒီ လိုနဲ့ ဆရာက ပျဉ်းမနားကနေပြီး ချောက်မြို့သွားတတ်ရတာ ပေ့ါ။

ကျွန်ုပ် ။ ချောက်ကို တိုက်ရိုက်သွားရတာ မဟုတ်ဘူးဗျ။ ပထမ မန္တလေးကို သွားရတယ်။ မန္တလေးတက္ကသိုလ်ထဲမှာ ပဏာမ ဆွေးနွေးပွဲတွေ လုပ်ပြီးမှ ဧပြီ ၂၅ ရက် လောက်မှာ ထင်တယ်။ ချောက်ကို သွားရတာ ။ ချောက်မှာ စစ်တိုင်းအလိုက် ဆွေးနွေးပွဲခန်းမခြောက်ခုမှာ ခြောက်စုခွဲပြီး ပြဌာန်းမယ့် ဥပဒေမူကြမ်းကို ဆွေးနွေး၊ ဧပြီ ၃၀ ရက်မှာ ကိုယ်စားလှယ်များအားလုံး သခင်ဖိုးလှကြီး ခန်းမထဲမှာ စုဝေး၊ ဥပဒေပြုလွှတ်တော်မှာ ဥပဒေမူကြမ်းအဆိုတင်၊ ထောက်ခံဆွေးနွေး၊ အတည်ပြုလုပ်သလိုမျိုးပုံစံနဲ့လုပ်ပြီး အဲဒီ ဥပဒေကို တော်လှန်ရေးကောင်စီဝင်များ၊ တိုင်းစည်းရုံးရေး ကော်မတီဝင်များ၊ ပါတီစည်းရုံးရေးမှူးများနဲ့ အလုပ်သမားကိုယ်စားလှယ် ၂,၀၀၀ နီးပါးက လက်မှတ်ထိုးပြဌာန်းခဲ့ကြတာ။

စာဖတ်သူ ။ ဆရာ့ဟာက ဖ၄ မေဒေးအကြောင်းပဲ ဖြစ်နေသေးတယ်။ မ.ဆ.လ ပါတီဝင် ဖြစ်ပုံအကြောင်း မရောက်နိုင်တော့ဘူး။

ကျွန်ုပ် ။ ရောက်တော့မှာပါ။ ဒါနဲ့ ဖြတ်ပြောရဦးမယ်။ မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ်ပါတီက လူကြီးတွေက သူတို့ပါတီကို မ.ဆ.လ ခေါ်တာ မကြိုက်ဘူးဗျ။ မကောင်းတဲ့ အနက်တစ်မျိုးနဲ့ နီး စပ်တော့ အဲဒီ လို မခေါ်စေချင်ကြဘူး။ အပြည့်အစုံ ခေါ်ချင်ခေါ်၊ မခေါ်ချင်လည်း လမ်းစဉ်ပါတီလို့ သုံးတာမျိုးကိုပဲ လိုလားကြတယ်။ ကဲ...ပါတီဝင်ဖြစ်လာပုံကို ရောက်ပါတော့မယ်။

ကျွန်တော်က အဲဒီ လို အလုပ်သမားကိုယ်စားလှယ်အဖြစ် ချောက်ကိုပါသွား၊ ချောက်မရောက်ခင်မှာ မန္တလေးမှာရော၊ ချောက်မှာရော ပါတီစည်းရုံးရေးမှူးနဲ့ ရက်အတော်ကြာ ထိတွေ့ခဲ့ကြတော့ ကျွန်တော့်ကို ပါတီစည်းရုံးရေးမှူးက အကဲခတ်မိပုံရပါတယ်။ စာပေဗဟုသုတ လည်းရှိတဲ့ ဒီကောင်လေးကို တချို့သူ့အစွဲကလေးတွေကို ချွတ်ပြီး တို့သုံးရရင် အသုံးတည့်နိုင်တယ်လို့ ယူဆပုံရပါတယ်။ မေဒေးအပြီးမှာ စည်းရုံးရေးမှူး ပျဉ်းမနားရောက်လာတော့လည်း ကျွန် တော်တို့ကိုပဲ (ကျွန်တော်တို့ဆိုတာ မေဒေးကိုယ်စားလှယ်တွေပေါ့) အမာခံအားယူရပါတယ်။ ကျွန်တော်ကလည်း ပါတီစည်းရုံးရေးမှူး နေစရာအိမ်ငှားတဲ့ကိစ္စမျိုးကအစ ကူညီတော့ ကျွန်တော်တို့ချင်းပါ နီးစပ်ကြတယ်။ သူ့အိမ်က ရှမ်းကန်မြောက်ဘက်နားမှာ ကျွန်တော်က အဲဒီ အချိန်တုန်းက ရှမ်းကန်တောင်ဘက်က ရဲစခန်းထဲမှာ နေနေချိန်ဆိုတော့ ည ညဥ့်အချိန်မှာ လည်း ပါတီစည်းရုံးရေးမှူးနဲ့ သူ့အိမ်မှာ ဆွေးနွေးတိုင်ပင်လုပ်ကြတယ်။ ဒီလိုနဲ့ အဲဒီ နှစ် ဇူလိုင်လထဲ မှာလား၊ ဩဂုတ်လကုန်လောက်မှာလား မကွဲတော့ဘူး။ ဗိုလ်ချုပ် လမ်းပေါ်က တိုက်တစ် တိုက်မှာ ပါတီယူနစ် ဆိုင်းဘုတ်တင် ဖွင့်ခဲ့တယ်။ ဆိုင်းဘုတ်တင်တဲ့သူ အနည်းအကျဉ်းထဲမှာ ကျွန် တော်ပါခဲ့ပါတယ်။

ရုံးရယ်လို့ သီးသီးခြားခြားဖြစ်လာ၊ ပါတီစည်းရုံးရေးလုပ်ငန်းတွေ အရှိန်မြှင့်လုပ်လာတော့ ပထမဦးဆုံး အရန်ပါတီဝင် ထောက်ခံသင့်သူတွေကို ထောက်ခံတင်ပြရာမှာ ကျွန်တော်က အစောဆုံးအသုတ်မှာ ပါပါတယ်။ ပျဉ်းမနားမြို့နယ်ရဲ့ ပထမ ဦးဆုံးကလာပ်စည်း သုံးစည်းကို သကြားစက်မှာစဖွဲ့တယ်။ ကျွန်တော်က ကလာပ်စည်းတစ်စည်းရဲ့ ခေါင်းဆောင်ဖြစ်ပါတယ်။ နောက်မြို့ပေါ်မှာ ကလာပ်စည်းတွေ တိုးချဲ့ဖွဲ့တယ်။ အားလုံး ကလာပ်စည်း ၁၀ စည်းဖြစ်လာတယ်။ အဲဒီ ၁၀ စည်းထဲမှာလည်း ကျွန်တော်ပါပြီး ၁၉၆၅ ခုနှစ်ကျတော့ မင်္ဂလာဒုံမှာ ပါတီဗဟိုကော်မတီက

ပထမဦးဆုံး ကြီးကြပ်ဖွင့်လှစ်တဲ့ အလုပ်သမားရေးရာ ကေဒါသင်တန်းကို ကျွန်တော်အခြားရဲဘော်လေးဦးနဲ့ အတူတူ အရင်ဆုံးတက်ရပါတယ်။ သင်တန်းမတက်ခင်မှာ လည်း ကျွန်တော်ဟာ သကြားစက်ကိုမသွားရတော့ဘဲ ပါတီယူနစ်ပေါ်မှာပဲ ပါတီလုပ်ငန်းတွေကို လုပ်အားပေးလုပ်ခဲ့ပါတယ်။ ဒီလိုနဲ့ ကျွန်တော်ဟာ ပျဉ်းမနားမြို့နယ်မှာ လမ်းစဉ်ပါတီရဲ့ အမာခံရဲ ဘော်တစ်ဦးဖြစ်ပါတယ်။

စာဖတ်သူ ။ ဆရာက ပါတီကလူဆိုတော့ အခွင့်အရေးတွေ ရခဲ့မှာပေ့ါနော်။

ကျွန်ုပ် ။ အဲဒီ တုန်းက ပါတီကိုလည်း စည်းရုံးရေးလုပ်ငန်းသာ လုပ်ခိုင်းထားတာ။ လုပ်ပိုင် ခွင့်တွေ ပေးမထားပါဘူး။ လုပ်ပိုင်ခွင့်တွေက န.လ.က မှာပဲ ရှိတာပါ။ ဒါပေမယ့် ပါတီဆိုတဲ့ဩဇာ တော့ ရှိတာပေ့ါ။ ပစ္စည်းပစ္စယဆိုတာလည်း ပြည်သူပိုင် သိမ်းထားပြီဆိုတော့ ပြည်သူ့ဆိုင် တာဝန်ခံလက်ထဲမှာပါပဲ။ ပါတီမှာလုပ်သူက အာဏာမရှိပါဘူး။ ဆိုလိုတာက ယူစရာအခွင့်အရေး ကလည်း နည်းပါတယ်။ ဒါပေမဲ့ ကျွန်တော်က စိတ်သန့်ချင်တော့ ပေးတာတောင် မယူခဲ့ပါဘူး။

စာဖတ်သူ ။ ဘာပေးတာတုန်း။ ဘာလိုပေးတာတုန်း။

ကျွန်ုပ် ။ ဒီလိုဗျ။ တစ်ခါမှာ ကျွန်တော်နဲ့ အရာခံဗိုလ်ဆရာဘိုကေဆိုသူ ကျည်တောင် ကန်ဘက်ကို တောင်သူလယ်သမား စည်းရုံးရေးအတွက် သွားရတယ်။ မေလ ထဲမှာ ။နေကလည်းပူ၊ ခရီးကလည်း သိပ်ပန်းတော့ ရဲစခန်းမှ ရွှေ့နေစ၊ ရွှေချည်ရပ်ထဲမှ အိမ်မှာ။ အိမ်ပြန် ရောက်လို့ ညကျတော့ အိမ်တံခါးဖွင့်ပြီး တံခါးပေါက်ခေါင်းပေးပြီး လင်မယားနှစ်ယောက် အိပ်ကြ တာ။ သူခိုးက ကျွန်တော်တို့ပေါ် ကျော်ဝင်၊ အိမ်ထဲက တွေ့ရာ အဝတ်အစားလေးတွေကို ယူပြီး နောက်ဖေးပေါက်က ထွက်သွားတယ်။ မနက်မှာနိုးတော့ ကျွန်တော့်မှာ ခါးကလုံချည်နဲ့အကျႌပဲ ကျန်တယ်။ အသစ်လည်းမဝင်နိုင်တော့ ကျွန်တော့်မှာ အဲဒီ

အကျႌကလေးတစ်ထည်နဲ့ပဲ “ကိုဒါ၀တ်” လုပ်နေရတယ်။
(လုံချည်လေးတစ်ထည်တော့ အကြွေး၀ယ်ဖြစ်လိုက်တယ်)

ပါတီ စည်းရုံးရေးမှူးက နေ့စဉ်အကျႌနွမ်းကလေး တစ်ထည်ကိုပဲ ၀တ်၀တ်လာတဲ့ ကျွန်တော့် အဖြစ်ကိုမြင်တော့ ကရုဏာသက်ပုံရတယ်။ တစ်ညမှာ ကျွန်တော့်လိုပဲ ပါတီမှလုပ်အား ပေးနေသူ ဦးကိုဆိုသူက ကျွန်တော့်ဆီလာပြီး ပြောတယ်။ ပါတီစည်းရုံးရေးမှူးက သူ့ကိုပြောသ တဲ့။ ကောင်လေးမှာ အောက်တန်းစာရေးလစာလေးနဲ့ အိမ်ငှားနေရ၊ လူခိုးခံရနဲ့ ကျုပ်တို့သူ့အတွက် ပြည်သူ့ပိုင်သိမ်းထားတဲ့ အခန်းတစ်ခန်းရှာကြစို့ဗျာ။ သူ့မိန်းမလေးကကော ခုနှစ်တန်းလောက် မအောင်ဘူးလား။ ပြည်သူ့ဆိုင်မှာ ဆိုင်တာ၀န်ခံခန့်ခိုင်းမယ်လို့ ပြောပါသတဲ့။ ဒီတော့ ကျွန်တော်က ကျွန်တော့်မိန်းမ ရှစ်တန်းအောင်နဲ့ကျောင်းထွက်ကြောင်း၊ ၁၀ တန်းအတွက် ပျဉ်းမနားလာထားရင် ကျွန်တော်နဲ့ညားမှာစိုးလို့ သူ့မိဘများက ကျောင်းဆက်မထားတာနဲ့ ရှစ် တန်းသာ အောင်ခြင်းဖြစ်ကြောင်း၊ ဒါပေမယ့်လည်း ကျွန်တော် ဒီပါတီထဲ၀င်တာ ကျွန်တော့်မိန်းမ ဆိုင်တာ၀န်ခံဖြစ်ချင်လို့ မဟုတ်ကြောင်း စည်းရုံးရေးမှူးကို ပြောပြလိုက်ပါလို့ ဆရာ ဦးကိုကို ပြန်ပြောလိုက်ပါတယ်။ (ဆရာဦးကိုမှာ နဂိုက စစ်တပ်မှာ အရာခံဗိုလ်၊ နောက် အလယ်တန်းပြ ဆရာလုပ်ပြီးမှ သကြားစက်မှာ ဌာနခွဲစာရေးကြီး၊ ကျွန်တော်လုပ်တဲ့ ဌာနစိတ်ရဲ့ အကြီးအကဲဖြစ် ပါတယ်။) အဲဒီလိုနဲ့ ပါတီစည်းရုံးရေးမှူးလည်း ကျွန်တော့်အတွက် အခွင့်အရေးအကြောင်း မစတော့ပါဘူး။ အဲဒါကြောင့် ကျွန်တော်ပေးတဲ့ အခွင့်အရေးလည်း မယူခဲ့ပါဘူး။

ပါတီမှာ လုပ်နေတုန်း အများသူငါထက်ပိုတဲ့ အခွင့်အရေး ယူခဲ့ရပုံလည်း ပြောပါရစေဦး။ ၁၉၆၄ ခုနှစ်မှာ ပြည်သူပိုင်သိမ်းလိုက်တော့ ငါးပိ၊ ဆားကစလို့ အရာရာ ပြည်သူ့ဆိုင်မှာမှ ရပါ တော့တယ်။ တန်းစီတိုး၀ယ်မှ ရပါတော့တယ်။ အိမ်မှာ လက်ဖက်ခြောက် ခတ်စရာမရှိလို့ လက်ဖက်ခြောက် ၁၀ သားလောက် ရောင်းပါဆိုပြီး အိမ်နားကလမ်းထိပ်ဆိုင်မှာ ၀င်၀ယ်ပါတယ်။ ဆိုင်တာ၀န်ခံက

ကျွန်တော်တို့နဲ့ ကဗျာရေးဖတ်၊ မောင်သျှင်နောင် ကလောင်အမည်ခံယူထားသူ ကိုသန်းအောင်ဖြစ်နေပြီး လက်ဖက်ခြောက် ငါးဆယ်သားကို ဇွတ်ပေးလိုက်လို့ အကြာကြီး ခတ် သောက်နေရဖူးတာတော့ ရှိပါတယ်။ ကျန်တာတော့ ဘာမှုလည်းမယူခဲ့ပါဘူး။ အတွေ့အကြုံ အထိုက်အလျောက်ကလွဲလို့ ဘာမှုလည်း မရခဲ့ပါဘူး။

စာဖတ်သူ ။ ဆရာက ပါတီစထောင်စကတည်းက ပါတီဝင်လာသူဆိုတော့ ပါတီအဆင့် ဘယ်အထိရောက်ခဲ့ပါသလဲ။

ကျွန်ုပ် ။ ကျွန်တော်က အမြူတေပါတီ ကာလတင်မှာပဲ ကိုယ့်ကိုယ်ကိုယ် နိဂုံးချုပ်ခဲ့သလို ရှိပါယ်။ ဘာကြောင့်တုန်းဆိုတော့ ပထမအကြိမ် အရန်ပါတီဝင်ကနေ တင်းပြည့်ပါတီဝင် ဆန္ဒပြုချိန် မှာ “ဆန္ဒမပြုပါ” လို့ ရေးပြီး စာရွက်ကို ခေါက်မနေ၊ လျှို့ဝှက်မနေဘဲ ကော်မရှင်လက်ထဲကို ဖြောင် ပဲထည့်လိုက်လို့ ပါတီယူနစ် ကော်မတီဝင်တစ်ဦးက အလွတ်သဘောသီးသန့် ခေါ်ဆွေးနွေးဖူးတာနဲ့ နောက်တစ်ကြိမ်ဆန္ဒပြုပွဲမှာ စကားပြောမနေရအောင် ရုံးကခွင့်ယူထားလိုက် ပါတယ်။

စာဖတ်သူ ။ ဆရာက ဘာကြောင့် တင်းပြည့်ပါတီဝင်အဖြစ် ဆန္ဒ မပြုတာလဲ။

ကျွန်ုပ် ။ ကျွန်တော်က အဲဒီ အချိန်မှာ ကိုယ့်စိတ်ကို ဖွင့်ထားပြီး လက်ဝဲလက်ယာစာတွေ အခံအစွဲမထားဘဲ ဖတ်ကြည့်ခဲ့ပြီဖြစ်လို့ တစ်ပါတီဆိုရှယ်လစ်စနစ်ရဲက အားနည်းချက်တွေကို သိ ထားပါပြီ။ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ကို မယုံတော့ရုံမက ရုရှားတို့၊ တရုတ်တို့ရဲ့ ဆိုရှယ်လစ် စနစ်အပေါ်လည်း သံသယရှိနေပါပြီ။ ကိုယ်မယုံတဲ့ အလုပ်ကို မလုပ်ချင်တော့တာနဲ့ အဲဒီ လိုဆန္ဒမ ပြုခဲ့ခြင်းပါပဲ။

စာဖတ်သူ ။ ဒါဆိုရင် ဆရာမြင်သလောက်

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ရဲက မြန်မာနိုင်ငံအပေါ် အကျိုးသက်ရောက်ခဲ့တဲ့၊ ထင်ရှားတဲ့ သက်ရောက်မှုကို ပြောပြစေချင်ပါတယ်။

ကျွန်ုပ် ။ အမြင်ဆိုတာ ကြည့်တဲ့လူရဲ့ရှုထောင့်လိုက်လို့ ကွဲတတ်ပါတယ်။ ကျွန်တော့်အမြင် က အချို့သူတွေအမြင်နဲ့ တူချင်မှတူပါမယ်။ တူတာလည်း ရှိချင်ရှိပါမယ်။ ကျွန်တော်က တောသားဆိုတော့က လူထုအနေနဲ့တွေ့ရတဲ့ သက်ရောက်မှုကို အရင်ပြောချင်တယ်။ အရင်က တစ်ရစ်လောက်ရဲသားကိုတောင် ကြောက်နေခဲ့ကြရတဲ့ ကျေးလက်ကလူတွေ မြို့ကလူတွေထဲ တိုးရဲသွားပါတယ်။ အစိုးရဝန်ထမ်းတွေနဲ့ ပြောရဲဆိုရဲ ရှိသွားတယ်။ (အဲဒီ အတွက် လမ်းဖွင့်ပေးတဲ့ ဦးနေဝင်းကို ကျေးဇူးတင်ရပါမယ်။)

ဒုတိယသက်ရောက်မှုကတော့ ပါတီက ဗြူရိုကရေစီဖျက်တယ်ဆိုပေမဲ့ အင်္ဂလိပ်ကိုလိုနီ လက်ထက်ကတည်းက ရှိလာခဲ့တဲ့ ဌာနဆိုင်ရာ စည်းကမ်းကောင်းတွေ ပျက်လာ၊ စစ်တပ်ဗြူရို ကရေစီလွှမ်းမိုးလာလို့ ဌာနဆိုင်ရာ အရာရှိတွေ တာဝန်သိစိတ်တွေ ပျက်ကုန်တယ်။ ကျွမ်းကျင်မှု တွေ လျော့ကုန်ပါတယ်။

တတိယသက်ရောက်မှုကတော့ “မြန်မာ” ဆိုတာကိုပဲဖက်ပြီး ပညာရေးစနစ်သစ် ချမှတ် တော့ “နိုင်ငံတကာ”သုံး အင်္ဂလိပ်စာတတ်ကျွမ်းမှု အားနည်းသွားခြင်းပဲ။

တခြားဟာတွေလည်း အကောင်းအဆိုးတွေ ရှိဦးမှာပေ့ါ။ ဒါပေမဲ့ အရေးကြီးတဲ့ နောက်ဆုံး သက်ရောက်မှုကတော့ မြန်မာနိုင်ငံမှာ ဆိုရှယ်လစ်စနစ်ကို တောင့်တရဲသူဟာ (အချို့တမ်းတနေ ဆဲ လူအနည်းငယ်လောက်ကလွဲလို့) မရှိတော့သလောက် ဖြစ်သွားခြင်းပါပဲ။

စာဖတ်သူ ။ အဲဒီ နောက်ဆုံး သက်ရောက်မှုကကော မြန်မာ့ဆိုရှယ်လစ် တော်လှန်ရေးရဲ့ အောင်မြင်မှုလို့ မဆိုနိုင်ဘူးလား ဆရာ။

ကျွန်ုပ် ။ ခင်ဗျားပြောတာ ကိုယ့်အမိပ္ပာယ်နဲ့ကိုယ်ဆိုရင်တော့လည်း တစ်မျိုးပေါ့ဗျာ။ ကျွန်တော်ကတော့ ကျွန်တော်မြင်သလို အရိုးခံအတိုင်းပြောလိုက်ခြင်းပါပဲ။

စာဖတ်သူ ။ ကောင်းပါပြီဆရာ။ ဆရာက ဆရာ့အချိန်ဖဲ့ပြီး ပွင့်ပွင့်လင်းလင်းနဲ့ လက်ခံ ဆွေးနွေးခဲ့လို့ အထူးပဲ ကျေးဇူးတင်ပါတယ်။ ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး။

ကျွန်ုပ် ။ ကဲ...ကျန်းမာချမ်းသာပါစေဗျာ။

***